# လုပ်ငန်းခွင် အာမခံတောင်းဆိုရန်အတွက် လမ်းညွှန်စာအုပ် <အပိုင်း(2)>

## လုပ်ငန်းခွင်အာမခံခံစားခွင့် အကျဉ်းချုပ်

## အာမခံခံစားခွင့်အမျိုးမျိုး၏အကြောင်းအရာ

မည်သည့်နိုင်ငံသားမဆို၊ ဂျပန်နိုင်ငံတွင် အလုပ်သမားအနေဖြင့် အလုပ်လုပ်သောနိုင်ငံခြားသားများ အတွက် လုပ်ငန်းခွင်အာမခံကို အသုံးပြုသည်။ အလုပ်ရရှိနိုင်သောနေထိုင်ခွင့် ရထားသောသူသည် နေထိုင်စဉ်အတွင်း အချိန်ပိုင်း အလုပ်လုပ်ရာမှ မတော်တဆမှုနှင့် တွေ့ကြုံခဲ့ရလျှင် ကျိန်းသေလုပ်ငန်းခွင်အာမခံရရှိရန် အကျုံးဝင်သည်။

ဤလမ်းညွှန်စာအုပ်တွင် လုပ်ငန်းခွင်အာမခံခံစားခွင့် အကျဉ်းချုပ်နှင့် အသီးသီးသော အာမခံခံစားခွင့် တို့၏ အကြောင်းအရာများနှင့် ပတ်သက်၍ ဖော်ပြထားသည်။ ထောက်ပံ့ရန် လိုအပ်ချက် အသေးစိတ်နှင့် ပတ်သက်၍လုပ်ငန်းခွင်စံချိန်စံညွှန်း ကြီးကြပ်ရေးဌာနသို့ မေးမြန်းစုံစမ်းနိုင်ပါ သည်။ တစ်ဖန်၊ မိမိနိုင်ငံပြန်လျှင် ရရှိနိုင်မည်မဟုတ်သော ခံစားခွင့် များရှိသောကြောင့် သတိပြုပါ။

[မာတိကာ]


လုပ်ငန်းခွင်အာမခံခံစားခွင့် အနှစ်ချုပ် ........ P2

ဆေးကုသမှု (လျော်ကြေး) အစရှိသည့် ခံစားခွင့် ........ P14

အလုပ်နားခြင်း (လျော်ကြေး)အစရှိသည့်ခံစားခွင့် ........ P16

ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှု (လျော်ကြေး) အစရှိသည့်ပင်စင်လစာ ........ P17

မသန်မစွမ်းမှု (လျော်ကြေး) အစရှိသည့်ခံစားခွင့် ........ P18

ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့် (နာရေးကူငွေ) ........ P26

ပြုစုစောင့်ရှောက်မှု (လျော်ကြေး) ခံစားခွင့် ........ P33

ဖြည့်သွင်းရေးသားခြင်းဥပမာ ........ P36


ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လုပ်ငန်းခွင် စံချိန်စံညွှန်းရုံး လျော်ကြေးဌာနခွဲ

# လုပ်ငန်းခွင် မတော်တဆမှု လျော်ကြေး အာမခံ ခံစားခွင့်အကြောင်း အနှစ်ချုပ်

လုပ်ငန်းခွင်အာမခံဟူသည်မှာအလုပ်သမားများမှတာဝန်နှင့်အလုပ်အသွားအပြန်ကြောင့်ဒဏ်ရာရရှိခြင်း၊နာမကျန်းဖြစ်ခြင်း၊သေဆုံးခြင်းများဖြစ်ပေါ်ရာတွင်ဆေးကုသစရိတ်စသည့်လိုအပ်သော အာမခံထောက်ပံ့ကြေးများကိုပေးချေသည့်စနစ်ဖြစ်သည်။နိုင်ငံခြားသားများလည်းဂျပန်နိုင်ငံအတွင်း အလုပ်လုပ်နေစဉ်ဤအာမခံနှင့်အကျုံးဝင်သည်။




*လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရခြင်းအတွက်ကျန်းမာရေးအာမခံအသုံးမပြုနိုင်ပါ။

## လုပ်ငန်းခွင်အာမခံထောက်ပံ့ကြေးအမျိုးအစားများ

- ဆေးကုသမှု(လျော်ကြေး) အစရှိသည့်ထောက်ပံ့ငွေ:တာဝန်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့်ဖြစ်ပွားသော ထိခိုက်ဒဏ်ရာများ၊ နာမကျန်းဖြစ်ခြင်းများအတွက် ဆေးကုသမှုခံယူရာတွင်ရရှိသည့်ထောက်ပံ့ငွေ
- အနားယူခြင်း(လျော်ကြေး) အစရှိသည့်ထောက်ပံ့ငွေ:တာဝန်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့်ဖြစ်ပွားသော ထိခိုက်ဒဏ်ရာများ နာမကျန်းဖြစ်ခြင်းများအတွက်အလုပ်လုပ်ကိုင်နိုင်ခြင်း မရှိပဲလစာမရရှိသည့် အချိန်တွင်ရရှိသည့်ထောက်ပံ့ငွေ
- ထိခိုက်ဒဏ်ရာ(လျော်ကြေး) အစရှိသည့်နှစ်စဉ်ငွေ:တာဝန်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့်ဖြစ်ပွားသော ထိခိုက်ဒဏ်ရာများကိုကုသမှုစတင်ပြီးနောက်1နှစ်6လကြာသော်လည်း မပျောက်ကင်း(မသက်သာ) ဘဲထိခိုက်ဒဏ်ရာရခြင်း၊ရောဂါရခြင်း အဆင့်အထိဖြစ်သွားပါက အကျုံးဝင်သောထောက်ပံ့ငွေ
- မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့်ထောက်ပံ့ငွေ:တာဝန်သို့မဟုတ်အလုပ်အသွားအပြန်ကြောင့်ဖြစ်သော ထိခိုက်ဒဏ်ရာများ ပျောက်ကင်း(သက်သာပြီး)ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုကျန်ရှိခဲ့ချိန်တွင်ရရှိသော ထောက်ပံ့ငွေ
- ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်ထောက်ပံ့ငွေ : အလုပ်သမားများသေဆုံးချိန်တွင်ရရှိသောထောက်ပံ့ငွေ
- နာရေးစရိတ် အစရှိသည့် (နာရေးကူငွေ): အလုပ်သမားတစ်ဦး သေဆုံးပြီးနာရေးကျင်းပရာတွင်ရရှိသောထောက်ပံ့ငွေ
- ပြုစုစောင့်ရှောက်မှု(လျော်ကြေး) အစရှိသည့်ထောက်ပံ့ငွေ :မသန်စွမ်းဖြစ်ခြင်း(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ သို့မဟုတ်ထိခိုက်ဒဏ်ရာ (လျော်ကြေး)အစရှိသည့်ပင်စင်ငွေများ၏ သတ်မှတ်ထားသော မသန်စွမ်းဖြစ်ခြင်းအလိုက်လက်ရှိတွင် ပြုစုစောင့်ရှောက်မှုခံယူခြင်းအတွက် ရရှိသောထောက်ပံ့ငွေ

# လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်မှု

လုပ်ငန်းခွင်တွင် မတော်တဆထိခိုက်မှုဟူသည်မှာ အလုပ်သမားသည် လုပ်ငန်းခွင် တွင် ဖြစ်ပေါ်သော ထိခိုက်မှု ဒဏ်ရာနှင့် ဖျားနာမှုစသည်(ဒဏ်ရာ၊ ရောဂါ၊ မသန်စွမ်းမှု၊ သေဆုံးမှု) စသည်တို့ဖြစ်သည်။

လုပ်ငန်းခွင် ⟷ ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုစသည်

သတ်မှတ်ထားသော ကြောင်းကျိုးဆက်နွယ်မှု

- လုပ်ငန်းခွင် နှင့် ထိခိုက်ဒဏ်ရာ၊ ဖျားနာမှုစသည်တို့ကြား တွင် သတ်မှတ်ထားသောအကြောင်းအကျိုး ဆက်နွယ်မှုရှိသောအခါ "လုပ်ငန်းခွင်နှင့်သက်ဆိုင်သော" ဟုခေါ်သည်။
- အလုပ်သမားမဟုတ်သောအလုပ်ရှင်များနှင့် ဒါရိုက်တာများသည် အခြေခံစည်းမျဉ်းအားဖြင့် ခံစားခွင့်ရရှိရန် မဖြစ်နိုင်ပါ။

### ◊ **လုပ်ငန်းခွင်နှင့်သက်ဆိုင်သော ဒဏ်ရာဟူသည်**

မည်သသောမတော်တဆထိခိုက်မှုသည် လုပ်ငန်းခွင်တွင်မတော်တဆထိခိုက်မှုအဖြစ် သတ်မှတ်ခံရခြင်းနှင့် ပတ်သက်၍အောက်ပါအခြေအနေ(၃)မျိုးကို ခွဲခြားပြီး စဉ်းစားသည်။

### **<1>လုပ်ငန်းခွင်၏ အဆောက်အဦးအတွင်းတွင် အလုပ်လုပ်နေသောအခြေအနေ**

သတ်မှတ်ထားသော အလုပ်လုပ်ချိန်အတွင်းနှင့် အချိန်ပိုအလုပ်လုပ်ချိန်အတွင်းတွင် လုပ်ငန်းခွင်၏ အဆောက်အဦး အတွင်း၌ (ကုမ္ပဏီရုံးခန်း၊ စက်ရုံ အတွင်း) အလုပ်လုပ်နေသောအခြေအနေ၊ အထူးအခြေအနေမရှိသေးသရွေ့ လုပ်ငန်းခွင်၏ မတော်တဆထိခိုက်မှုဟု သတ်မှတ်သည်။

※အောက်ပါအခြေအနေများကို လုပ်ငန်းခွင်၏ မတော်တဆ ထိခိုက်မှု ဟုမသတ်မှတ်ပါ။

①အလုပ်သမားသည် လုပ်ငန်းခွင်အတွင်းတွင် ကိုယ်ရေးကိုယ်တာ လုပ်ဆောင်မှုကြောင့် မတော်တဆထိခိုက်မှုဖြစ်သော အခြေအနေ

②အလုပ်သမားသည် ရည်ရွယ်ချက်ရှိရှိ မတော်တဆထိခိုက်မှုကို ဖြစ်ပွားစေသောအခြေအနေ

③ကိုယ်ရေးကိုယ်တာ မကျေနပ်မှုကြောင့် လုပ်ငန်းခွင်နှင့် မသက်ဆိုင်သူထံမှ အလုပ်သမားသည် အကြမ်းဖက်မှုကို ခံရသောအခြေအနေ

**<2>လုပ်ငန်းခွင်ရှိ အဆောက်အဦးအတွင်းတွင် အလုပ်မလုပ်သေးသောအခြေအနေ**

အနားယူသောအချိန်နှင့် အလုပ်မလုပ်ခင်နှင့် အလုပ်လုပ်ပြီးသောအခါစသဖြင့် လက်တွေ့တွင်အလုပ်မလုပ်သေးသောအခြေအနေတွင် ကိုယ်ရေးကိုယ်တာ လုပ်ဆောင်မှု ကြောင့် ဖြစ်ပေါ်လာသော မတော်တဆထိခိုက်မှုအား လုပ်ငန်းခွင်၏မတော်တဆ ထိခိုက်မှုဟု မသတ်မှတ်ပါ။ သို့သော်၊ လုပ်ငန်းခွင်ရှိ အဆောက်အဦး၊ အသုံးအဆောင် ပစ္စည်းများနှင့် စီမံခန့်ခွဲရေး အခြေအနေစသည့် အကြောင်းအရင်းကြောင့် ဖြစ်ပေါ်လာသော မတော်တဆထိခိုက်မှုသည် လုပ်ငန်းခွင်၏ မတော်တဆထိခိုက်မှု ဖြစ်သည်။ တစ်ဖန်၊ အိမ်သာ အသုံးပြုခြင်း ကဲ့သို့ ဇီဝကမ္မဗေဒပိုင်းဆိုင်ရာဖြစ်စဉ်အတွင်း ပေါ်ပေါက်သော မတော်တဆထိခိုက်မှုသည် လုပ်ငန်းခွင်၏ မတော်တဆထိခိုက်မှု ဖြစ်သည်။

**<3>လုပ်ငန်းခွင်ရှိ အဆောက်အဦးမဟုတ်သော လုပ်ငန်းတွင် အလုပ်လုပ်နေသော အခြေအနေ**

အလုပ်ကိစ္စဖြင့် ခရီးထွက်ခြင်းနှင့် လုပ်ငန်းစသည်တို့နှင့် ပတ်သက်၍ အပြု သဘော ဆောင်သော ကိုယ်ရေးကိုယ်တာ လုပ်ဆောင်မှုကို ဆောင်ရွက်ခြင်း စသော အထူးအခြေအနေ မရှိသရွေ့ လုပ်ငန်းခွင်၏ မတော်တဆထိခိုက်မှုဟု သတ်မှတ်မည်။

လုပ်ငန်းခွင်နှင့်သက်ဆိုင်သော ရောဂါဟူသည်

အောက်ပါလိုအပ်ချက် (၃)ခု ပြည့်စုံသောအခြေအနေတွင် အခြေခံစည်းမျဉ်း အားဖြင့် လုပ်ငန်းခွင်နှင့်သက်ဆိုင်သော ရောဂါဟု သတ်မှတ်မည်။

**<1>အလုပ်ခွင်တွင် အန္တရာယ်ပေးနိုင်သောအရာ ရှိနေခြင်း**

အန္တရာယ်ပေးနိုင်သော ရုပ်ပိုင်းဆိုင်ရာအရာဝတ္ထု၊ ဓာတုဗေဒပစ္စည်း၊ ခန္ဓာကိုယ်တွင် လွန်ကဲစွာဝန်ပိစေသောလုပ်ငန်း စသည်တို့သည် လုပ်ငန်းခွင်အတွင်းတွင် ရှိနေသော အခြေအနေများဖြစ်သည်။

(ဥပမာ) ကျောက်ဂွမ်း( Asbestos) စသည်

**<2>ကျန်းမာရေးပျက်စီးမှုဖြစ်ပေါ်စေနိုင်လောက်သော အန္တရာယ်ပေးနိုင်သောအရာ ဟုဖော်ပြခံရခြင်း**

**<3>ရောဂါလက္ခဏာများပြခြင်းကို ကျော်ဖြတ်ပြီးနောက် လူနာအခြေအနေသည် ဆေးပညာအရ မှန်ကန်နေခြင်း**

လုပ်ငန်းခွင်နှင့်သက်ဆိုင်သော ရောဂါသည် အလုပ်သမားမှ လုပ်ငန်းခွင်အတွင်း ရှိသော အန္တရာယ်ပေးနိုင်သောအရာနှင့် ထိတွေ့မိခြင်းကြောင့် ရောဂါလက္ခဏာ ပြခြင်းဖြစ်သည်။ ထို့ကြောင့် ရောဂါသည် အန္တရာယ်ပေးနိုင်သောအရာဖြင့် ထိတွေ့ ပြီးနောက်တွင် ရောဂါလက္ခဏာပြသရမည်။ ရောဂါလက္ခဏာပြသသော ကာလသည် အန္တရာယ်ပေးနိုင်သောအရာ၏ ဂုဏ်သတ္တိနှင့် ထိတွေ့မှုအခြေအနေကို လိုက်၍ ကွဲပြားသည်။

## အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း တစ်ခုထက်ပိုသော လုပ်ငန်းခွင်ကြောင့် ထိခိုက်ဒဏ်ရာရခြင်း

အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း ဆိုသည်မှာ အလုပ်သမားများစွာမှ တစ်ခုထက်ပိုသော လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခြင်းကြောင့် ဖြစ်ရခြင်းဖြစ်သည်ဟု ယူဆသော ဒဏ်ရာ သို့မဟုတ်ရောဂါဖြစ်သည်။ မေးခွန်းတွင် ပါဝင်သော ဒဏ်ရာများနှင့် ရောဂါများ စသည်တို့တွင် ဦးနှောက်၊ နှလုံးရောဂါနှင့်စိတ်ပိုင်းဆိုင်ရာရောဂါများ ပါဝင်သည်။

◇ အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များတွင်လုပ်ကိုင်သော အလုပ်သမား

အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များ တွင် လုပ်ကိုင်သော အလုပ်သမားတစ်ဦးသည် ဒဏ်ရာရခြင်း သို့မဟုတ် ရောဂါဖြစ်ပွားသည့်အချိန်တွင် အလုပ်ရှင်တစ်ဦးတည်း မဟုတ်သော လုပ်ငန်းခွင်များစွာတွင် တစ်ပြိုင်တည်း အလုပ်လုပ်သော အလုပ်သမားဖြစ်သည်။

* လုပ်ငန်းခွင်တစ်ခုတွင် လုပ်ကိုင်သော အလုပ်သမား၊ လုပ်ငန်းခွင်တစ်ခုတည်း တွင်သာ လုပ်ကိုင်နေသော အလုပ်သမားဖြစ်သည်။

◇ အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များ တွင် လုပ်ကိုင်ခြင်းကြောင့် ထိခိုက်ဒဏ်ရာ ရခြင်း မှန်ကန်ကြောင်း သက်သေပြခြင်းလုပ်ငန်းခွင်များစွာမှ ဝန်ထုပ်ဝန်ပိုး (အလုပ်ချိန်များနှင့် စိတ်ဖိစီးမှု စသည်တို့) ကို အလုံးစုံအကဲဖြတ်ပြီး လုပ်ငန်းခွင် မတော်တဆအဖြစ် အသိအမှတ်ပြုခြင်းရှိမရှိ အကဲဖြတ်သည်။ လုပ်ငန်းခွင်များစွာတွင် လုပ်ကိုင်နေသော အလုပ်သမားတစ်ဦးအတွက် လုပ်ငန်းခွင်တစ်ခုတည်းကသာ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု အသိအမှတ်ပြုသည့် ကိစ္စများလည်း ရှိနိုင်ပြီး အကယ်၍ ယင်းကဲ့သို့ ဖြစ်ခဲ့လျှင် ၎င်းမတော်တဆအမှုကို သာမာန်ဖြစ်ရိုးလုပ်ငန်းခွင် မတော်တဆမှုအဖြစ် အသိအမှတ်ပြုမည် ဖြစ်သည်။

→ **P10,11**

# အလုပ်အသွားအပြန် မတော်တဆထိခိုက်မှု

အလုပ်အသွားအပြန် မတော်တဆထိခိုက်မှုဟူသည်မှာ အလုပ်သမားမှ အလုပ်အသွား အပြန်ကြောင့် ဖြစ်ပွားသော ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုစသည့် ထိခိုက်မှု ဖြစ်သည်။

◊ **အလုပ်အသွားအပြန်ဟူသည်**

အလုပ်လုပ်ခြင်းနှင့်ပတ်သက်၍ အောက်ပါ ① မှ ③ အထိ ပြောင်းရွှေ့ခြင်းအား ကျိုးကြောင်းဆီလျော်သော လမ်းကြောင်းနှင့် နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းကို ဆိုလိုသည်။

① နေထိုင်သည့်နေရာ နှင့် အလုပ်လုပ်သော နေရာ (လုပ်ငန်းစတင်၍ပြီးဆုံးသောနေရာ)ကြားရှိ အသွားအပြန်

② ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန အမိန့်ဖြင့် သတ်မှတ်သော အလုပ်လုပ်သည့်နေရာမှ အခြားအလုပ်လုပ်သော နေရာသို့ရွှေ့ပြောင်းခြင်း (နေရာအနှံ့ရှိ အလုပ်သမားများ၏ အလုပ်လုပ်သည့်နေရာတို့ကြားတွင် ရွှေ့ပြောင်းခြင်း)

③ အလုပ်အရရွှေ့ပြောင်းနေထိုင်ရသည့်နေရာနှင့်မူလနေထိုင်ရာနေရာတို့ ကြားတွင် ရွှေ့ပြောင်းခြင်း



## ◇ အလုပ်အသွားအပြန် အပိုင်းအခြား

ရွှေ့ပြောင်း လမ်းကြောင်းအား လမ်းလွဲသောအခါ သမဟုတ် ရပ်တန့်သော အခြေအနေတွင် လမ်းလွဲခြင်းသမို ဟုတ် ရပ်တန့်ခြင်းတိုကြားနှင့် ၎င်းတို ပြီးနောက် ရွှေ့ပြောင်းခြင်းအား အလုပ်အသွားအပြန် ဟု မသတ်မှတ်ပါ။ သို့သော်၊ နေ့စဉ်သုံးပစ္စည်းဝယ်ယူခြင်းနှင့် အခြားသော နေ့စဉ်သုံးပစ္စည်း ဝယ်ယူခြင်းနှင့် တူညီသော အပြုအမူကို အနည်းဆုံးအဝန်းအဝိုင်းအတွင်း လုပ်ဆောင်သော အခြေအနေမျိုးတွင် ကျိုးကြောင်းဆီလျော်စွာလမ်းကြောင်းပေါ် ပြန်ရောက်လာပြီးနောက်ပိုင်းကို နောက်တစ်ကြိမ် အလုပ်အသွားအပြန်လုပ်ခြင်းဟု မှတ်ယူသည်။



## ◇ အခြေခံနေ့တွက်ခံစားခွင့်ပမာဏဟူသည်

အခြေခံနေ့တွက်ခံစားခွင့်ပမာဏဟူသည် အခြေခံစည်းမျဉ်း အားဖြင့် ပျမ်းမျှလုပ်ခလစာနှင့် ကိုက်ညီသော ပမာဏဖြစ်သည်။( အလုပ်သမားစံနှုန်းဥပဒေ ပုဒ်မ ၁၂)
ပျမ်းမျှလုပ်ခလစာဟူသည် အခြေခံစည်းမျဉ်းအားဖြင့် ပျမ်းမျှ လုပ်ခလစာ တွက်ချက်သင့်သော အကြောင်းပြချက် ပေါ်ပေါက်သောနေ့မတိုင်ခင်၏ သုံးလအတွင်း အဆိုပါ အလုပ်သမားအား ပေးချေရမည့် လုပ်ခလစာစုစုပေါင်းပမာဏကို ၎င်း၃ လ၏ နေ့အရေအတွက်စုစုပေါင်း(ပိတ်ရက်စသည်တို့ပါဝင်သော ပြက္ခဒိန်ပါနေ့အရေအတက်ွ) ဖြင့် စား၍ရလာသောပမာဏဖြစ်သည်။ ပျမ်းမျှလုပ်ခလစာ၏ တွက်ချက်မှုအခြေခံဖြစ်သော လုပ်ခလစာသည် မည်သည့်ရာထူးမဆို၊ အလုပ်လုပ်သည့် အဖိုးအခအနေဖြင့် အလုပ်ရှင်မှ အလုပ်သမားထံပေးသော အရာဖြစ်သည်။ သို့သော်၊ မင်္ဂလာလက်ဖွဲ့စသော အထူးပေးသော လုပ်ခလစာ၊ အပိုဆုကြေးတို့ရှိသော သုံးလကျော်သောကာလတိုင်းတွင် ပေးသော လုပ်ခလစာစသည်တို့အား ပျမ်းမျှလစာတွင် ထည့်သွင်းမတွက်ချက်ရပါ။
※ဒဏ်ရာရရှိမှု၊ သေဆုံးမှုတို့၏ အကြောင်းအရင်းဖြစ်သော မတော်တဆမှု ဖြစ်ပွားသောနေ့၊ သို့မဟုတ် ဆရာဝန်၏ ဆေးစစ်ချက်အရ ရောဂါရှိနေကြောင်းအတည်ပြုသောနေ့ဟုဆိုသော်လည်း၊ လုပ်ခလစာစာရင်းပိတ်နေ့ကိုသတ်မှတ်ထားပါက ထိုနေ့ မတိုင်မရှေ့က လုပ်ခလစာစာရင်းပိတ်နေ့သည် ထိုနေ့နှင့် ကိုက်ညီသည်။
အခြေခံအားဖြင့် အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များ တွင်လုပ်နေသော အလုပ်သမားများအတွက် အခြေခံ နေ့တွက် ခံစားခွင့် ပမာဏသည် လုပ်ငန်းခွင်များ၏ အခြေခံနေ့တွက် ခံစားခွင့် စုစုပေါင်းနှင့်ညီမျှသည်။

[ခြွင်းချက်]

①ပျမ်းမျှလုပ်ခလစာနှင့်တူညီသောပမာဏကို အခြေခံနေ့တွက်ခံစားခွင့်အဖြစ်သတ်မှတ်ရန် မသင့်လျော်ဟု အတည်ပြုသော အခြေအနေတွင် အခြေခံနေ့တွက်ခံစားခွင့် ပမာဏ၏ တွက်ချက်သောနည်းတွင် ခြွင်းချက်ထားနိုင်သည်။

(a)ပျမ်းမျှလစာအား တွက်ချက်သော ကာလအတွင်း၊ လုပ်ငန်းခွင်ပြင်ပတွင် ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှု ကုသရန်အတွက် အလုပ်နားထားသောကာလရှိသောအခြေအနေ

(b)အဆုတ်ရောင်ကင်ဆာရောဂါသည် သည် ဖုန်မှုန့် နှင့် အလုပ်လုပ်ရသော လုပ်ငန်းမဟုတ်သော လုပ်ငန်းသို့ အပြောင်းအရွှေ့လုပ်ထားသော အခြေအနေစသည်

②ခွင့်ယူခြင်း အစရှိသည့် ခံစားခွင့်နှင့်ပတ်သက်၍၊ ဆေးကုသမှုစတင်သည်မှ ၁နှစ်ခွဲကျော်လွန်သောအခြေအနေတွင် အသက်အရွယ်အပိုင်းအခြားအလိုက် အနိမ့်ဆုံးပမာဏ၊ အမြင့်ဆုံးပမာဏကို အသုံးပြုမည်။

ပင်စင်လစာခံစားခွင့်နှင့်ပတ်သက်၍ ပင်စင်လစာထောက်ပံ့သော ပထမဆုံးနေ့မှ အသက်အရွယ်အပိုင်းအခြားအလိုက် အနိမ့်ဆုံးပမာဏ၊ အမြင့်ဆုံးပမာဏကို အသုံးပြုမည်။

## အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ တွက်ချက်မှုဥပမာ

(ဥပမာ 1)
တစ်လလျှင် လစာ ယန်း ၂ သိန်း (လစာစာရင်း ပိတ်ရက်သည် လစဉ် လကုန်ရက်) ဖြစ်ပြီး၊
အောက်တိုဘာလတွင် မတော်တဆမှုဖြစ်ပွားသော အခြေအနေ
ယန်း ၂ သိန်း× ၃ လစာ÷၉၂ ရက် [ဇူလိုင်လ(၃၁ ရက်နေ့)+ဩဂုတ်လ (၃၁ ရက်နေ့)+
စက်တင်ဘာလ (၃၀ ရက်နေ့)≒ ၆,၅၂၂ယန်း
၆,၅၂၂ယန်း×၈၀%≒၅,၂၁၇ယန်း
တစ်ရက်လျှင် အခြေခံနေ့တွက်ခံစားခွင့် ပမာဏ၏ ၈၀%ဖြစ်သော ၅,၂၁၇ ယန်းကို ထောက်ပံ့သည်။

(ဥပမာ 2)
အလုပ်သမား တစ်ဦးသည် ကုမ္ပဏီနှစ်ခုတွင် အလုပ်လုပ်နေပြီး ကုမ္ပဏီ A မှ တစ်လ လစာ ယန်း 200,000 နှင့် ကုမ္ပဏီ B မှ တစ်လ လစာ ယန်း 100,000 (လစာ ပေးချေရန်ရက်သည် လတိုင်းလကုန်ရက်) ဖြစ်ပြီး ဇူလိုင်လတွင် မတော်တဆမှု ဖြစ်ပွားလျှင်၊

ကုမ္ပဏီ A အခြေခံ နေ့တွက် ခံစားခွင့် ပမာဏ
(ယန်း 200,000) x 3 လ ÷ 91 ရက် [ဧပြီလ (ရက် 30) + မေလ (31 ရက်) + ဇွန်လ (ရက် 30) =
6,593.40 ယန်း
ကုမ္ပဏီ B အခြေခံ နေ့တွက် ခံစားခွင့် ပမာဏ
(ယန်း 100,000) x 3 လ ÷ 91 ရက် [ဧပြီလ (ရက် 30) + မေလ (31 ရက်) + ဇွန်လ (ရက် 30) =
3,296.70 ယန်း
စုစုပေါင်း အခြေခံ နေ့တွက် ခံစားခွင့် ပမာဏ
6,593.40 ယန်း + 3,296.70 ယန်း ≒ 9,891 ယန်း

※"လုပ်ခလစာ"တွင် အထူးပေးသော လုပ်ခလစာ၊ ၃ လကျော်သောကာလ တိုင်းတွင်ပေးသောလုပ်ခလစာ မပါဝင်ပါ။
တစ်ဖန်၊ အပိုဆုကြေးစသည့် "၃ လကို ကျော်လွန်သော ကာလတိုင်းတွင် ပေးသောလုပ်ခလစာ" သည် ကျန်းမာရေးအာမခံ/ သက်ပြည့်အာမခံ အထူးပင်စင်လစာ စသည်တို့ကို သတ်မှတ်သောအခြေအနေရှိ "အခြေခံနေ့တွက်စရိတ်" အပေါ် သက်ရောက်နေပါသည်။

## ◇ အခြေခံနေ့တွက်စရိတ်ဟူသည်

အခြေခံနေ့တွက်စရိတ်ဟူသည်မှာ အခြေခံစည်းမျဉ်းအားဖြင့် လုပ်ငန်းခွင်နှင့်သက်ဆိုင်သော သို့မဟုတ် အလုပ်အသွား အပြန်တွင် ဒဏ်ရာရရှိမှုနှင့်သေဆုံးမှုတို့၏ အကြောင်းအရင်းဖြစ်သော မတော်တဆမှုဖြစ်ပေါ်သောနေ့သို့မဟုတ် ဆေးစစ်ချက်အရ ရောဂါရှိနေကြောင်းအတည်ပြုသောနေ့ မတိုင်ခင် ၁နှစ် အတွင်း အဆိုပါ အလုပ်သမားသည် အလုပ်ရှင်ထံမှရရှိသော အထူးလစာစုစုပေါင်းပမာဏကို အခြေခံနှစ်တွက်ပမာဏအနေဖြင့်၃၆၅ ဖြင့် စား၍ ရလာသောပမာဏဖြစ်သည်။အထူးလုပ်ခ လစာဆိုသည်မှာ အခြေခံနေ့တွက်ခံစားခွင့် ပမာဏ၏ အခြေခံသတ်မှတ်ချက်တွင် မပါဝင်သော အပိုဆုကြေးစသော ၃လ ကျော်လွန်သော ကာလတိုင်းတွင်ပေးသော လစာကို ဆိုလိုသည်။(မင်္ဂလာ လက်ဖွဲ့စသော အထူးပေး သောလစာမပါဝင်ပါ။)တစ်ဖန်၊ အထူးလုပ်ခလစာ၏ စုစုပေါင်းပမာဏသည် အခြေခံ နေ့တွက ခံစားခွင့်ပမာဏ (အခြေခံနေ့တွက် ခံစားခွင့်ပမာဏ၏ ၃၆၅ ဆ နှင့်ညီမျှသောပမာဏ) ၏ ၂၀%နှင့် ညီမျှသောပမာဏကို ကျော်သွားသော အခြေ အနေတွင်၊ ခံစားခွင့်အခြေခံနှစ်တွက်ပမာဏ၏ ၂၀% နှင့် ညီမျှသောပမာဏသည် အခြေခံနှစ်တွက်ပမာဏ အဖြစ် သတ်မှတ်သည်။ (သတ်မှတ်ပမာဏ ယန်း ၁၅ သိန်း)
အခြေခံအားဖြင့် တစ်ခုထက်ပိုသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသော အလုပ်သမားများအတွက် အခြေခံ နေ့တွက်ခံစားခွင့် ပမာဏသည် ထိုလုပ်ငန်းခွင်များမှ ထောက်ပံ့သော အခြေခံနှစ်တွက်ခံစားခွင့် အားလုံးပေါင်းကို 365 ဖြင့်စားထားသော တန်ဖိုးဖြင့် ညီမျှသည်။

【သီးသန့်ရောဂါများ အတည်ပြုရန်လိုအပ်ချက်①】

# ဦးနှောက်၊ နှလုံးရောဂါ

ဦးနှောက်၊ ဦးနှောက်တစ်ရှူးများ သေခြင်းစသော "ဦးနှောက်သွေးကြောပိတ်ရောဂါ"၊ နှလုံး သွေးကြောပိတ်ဆို့ခြင်းစသော ' ' "နှလုံးသွေးကြောကျဉ်းရောဂါ "တို့သည် ယင်းရောဂါဖြစ်ပွားရသည့်အခြေခံဖြစ်သည့် သွေးကြော အနာတရဖြစ်စေခြင်းစသည်တို့မှာ အဓိကအားဖြင့် အသက်အရွယ်ရလာခြင်း၊ နေထိုင်စားသောက်မှုဓလေ့၊ လူနေမှုပတ်ဝန်းကျင်စသော နေ့စဉ်ဘဝရှိ အကြောင်းအရင်းအသီးသီးနှင့် မျိုးရိုးဗီဇကြောင့် သီးသန့်အားဖြင့် ငုပ်လျှိုးနေသော အကြောင်းအရင်းများကြောင့် ဖြည်းဖြည်းချင်း ပိုမိုဆိုးဝါးလာပြီး ရောဂါဖြစ်ပွား တတ်ကြသော်လည်း အလုပ်ကြောင့်အဓိကဖြစ်သော ရောဂါဖြစ်ပွားမှုအခြေအနေများလည်းရှိသည်။

နှလုံးရောဂါတို့သည် "လုပ်ငန်းခွင်ကြောင့် ဖြစ်သော သိသိသာသာ လေးလံ လွန်ကဲသောဒဏ်" ကြောင့် ရောဂါလက္ခဏာပြသပါက အလုပ်သမားထိခိုက်ဒဏ်ရာ လျော်ကြေးရရှိမည့်သူအဖြစ် အကျုံးဝင်သည်။

<အကျုံးဝင်သောရောဂါ>

**○ ဦးနှောက်သွေးကြောပိတ်ခြင်းရောဂါ**

.ဦးနှောက်အဝင်အထွက်သွေးကြော
(ဦးနှောက်အထွက်သွေးကြော)
.ဦးနှောက်သွေးယိုခြင်း
.ဦးနှောက်တစ်သျှူးများသေခြင်း
.သွေးတိုးနှင့် ဦးနှောက်ရောင်ခြင်း

**○ နှလုံးသွေးကြောကျဉ်းရောဂါ**

.နှလုံးသွေးကြောပိတ်ခြင်း
.နှလုံးသွေးကြောကျဉ်းရောဂါကြောင့် ရင်ဘတ်အောင့်ခြင်း
.နှလုံးရပ်ခြင်း(ရုတ်တရက် နှလုံးသေခြင်းလည်းပါဝင်)
.နှလုံးစွမ်းဆောင်ရည်ပြင်းထန်စွာကျဆင်းခြင်း
.နှလုံးသွေးကြောမကြီးကွဲခြင်း

**[အလုပ်သမားမတော်တဆထိခိုက်မှုထောက်ခံ၊ လိုအပ်ချက်]**

အောက်ပါအချက်များနှင့်ကိုက်ညီပါက အလုပ်သမားမတော်တဆ ထိခိုက်မှုအတွက် ထောက်ခံချက်ရမည်။

## ၁။ ရေရှည်အချိန်ပိုလုပ်မိခြင်း

ရောဂါလက္ခဏာမပြမီ ဝေးကွာသောအချိန်အတွင်း အလွန်ပင်ပန်းသော အလုပ်များကို စုပြုံလုပ်ခြင်း၊ အထူးသဖြင့် အချိန်ပို လုပ်မိခြင်း။

(၁) ရောဂါမပြမီ ၁ လအတွင်း အချိန်ပိုအလုပ်သည် အများဆုံး နာရီ ၁၀၀ ကို ကျော်လွန်ခြင်း၊ (၂) ရောဂါမပြမီ ၂လမှ ၆လအတွင်း တစ်လလျှင်ပျမ်းမျှအချိန်ပိုအလုပ်ချိန်၏ အများဆုံး နာရီ ၈၀ ကို ကျော်လွန်ခြင်း သို့မဟုတ် (၃) အထက်ဖော်ပြပါ (၁)နှင့်(၂) ပမာဏအထိမရောက်သော်လည်း ထိုပမာဏများနီးပါးရှိသည့်အချိန်ပိုအလုပ်အပြင် ပုံမှန်အလုပ်ချိန်ပြင်ပရှိ ဝန်ဖြစ်စေသောအကြောင်းအရင်းများ (※) အထက်ပါအချက်များထဲမှ တစ်ခုခုကို အသိအမှတ်ပြုနိုင်ပါက အလုပ်နှင့် ရောဂါဖြစ်ပွားမှုတို့အကြားရှိ ဆက်နွယ်မှုမှာ ခိုင်မာသည်ဟု ဆုံးဖြတ်နိုင်ပါသည်။

## ၂။ ရေတို အချိန်ပိုလုပ်ခြင်း

ရောဂါလက္ခဏာပြသည့်အချိန်နှင့် နီးကပ်သောအချိန်အတွင်း အထူးသဖြင့် အချိန်ပို လုပ်မိခြင်း
(၁)ရောဂါလက္ခဏာမပြမီမှ ယမန်နေ့အထိ အလုပ်မှာ အထူးသဖြင့် အလုပ်ပိုလုပ်ရသည့် အခါ
(၂)ရောဂါလက္ခဏာမပြမီမှ ယမန်နေ့အထိ အလုပ်မှာ အထူးသဖြင့် အလုပ်ပိုလုပ်ရသည် ကို သက်သေမပြနိုင်ပါကလည်း ယေဘုယျအားဖြင့် မဖျားနာမီ တစ်ပတ်အတွင်း အချိန်ပိုအလုပ်ဆက်တိုက် လုပ်ရသည့်အခါတွင် အလုပ်ကြောင့် ဖျားနာခြင်းဖြစ်ပွားသည် ဟု တွေးတောနိုင်သည်။
ထို့အပြင် အလုပ်ချိန်ရှည်ကြာမှုတစ်ခုတည်းကြောင့် ဝန်ပိစေခြင်းရှိမရှိကို မဆုံးဖြတ်နိုင်သည့်အခါတွင် အလုပ်ချိန်နှင့် အလုပ်ချိန်ပြင်ပရှိ ဝန်ဖြစ်စေသည့်အကြောင်းအရင်းများကို (※) စုစည်းကာ ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ပါမည်။

## ၃။ပုံမှန်မဟုတ်သောဖြစ်စဉ်များ

ရောဂါလက္ခဏာမပြမီမှ ရှေ့တစ်ရက်အထိ ကာလအတွင်း ရောဂါလက္ခဏာပြသည့်အခြေအနေကို အချိန်အားဖြင့်၊ နေရာအားဖြင့် ကွဲကွဲပြားပြားသိနိုင်သည့် ပုံမှန်မဟုတ်သည့်အဖြစ်အပျက်မျိုးနှင့် ကြုံတွေ့ခဲ့ခြင်း
အလွန်အမင်းစိတ်လှုပ်ရှားခြင်း၊ စိတ်ခံစားချက်မြင့်တက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းစသည်တို့ အားဖြင့် စိတ်ပိုင်းဆိုင်ရာပြင်းထန်စွာဒဏ်ဖြစ်စေသည့်အခြေအနေ၊ ရုတ်တရက် ရုပ်ပိုင်းဆိုင်ရာ ပြင်းထန်စွာ ဒဏ်ဖြစ်စေသည့်အခြေအနေ၊ ရုတ်တရက် ပြင်းထန်သည့် လုပ်ငန်းခွင်ပတ်ဝန်းကျင် ပြောင်းလဲမှုနှင့် ကြုံတွေ့ရသည့် အခြေအနေစသည်တို့ တွေးတောနိုင်သည်။

※ အလုပ်ချိန်ပုံမှန်မဟုတ်ခြင်း (တင်းကြပ်သည့်အချိန်ကြာရှည်သည့် အလုပ်၊ ပိတ်ရက်မရှိသည့်ဆက်တိုက်အလုပ်၊ ကြားတွင်နားချိန်တိုသော အလုပ်၊ စနစ်မကျသောအလုပ်၊ အစားထိုးများသောအလုပ်၊ ညနက်သည့်အလုပ်)၊ လုပ်ငန်းခွင်ပြင်ပသို့သွားလာရသောအလုပ် (ခရီးထွက် ရခြင်းများသောအလုပ်၊ အခြားအနေဖြင့် အလုပ်ခွင်ပြင်ပတွင် ရွှေ့လျားသွားလာရသောအလုပ်)၊ စိတ်ပိုင်းဆိုင်ရာဒဏ်ဖြစ်စေသောအလုပ်၊ ရုပ်ပိုင်းဆိုင်ရာဒဏ်ဖြစ်စေသောအလုပ်၊ လုပ်ငန်းခွင်ပတ်ဝန်းကျင် (ပတ်ဝန်းကျင်အပူချိန်၊ ဆူညံသံ)ကို လုပ်ငန်းဆောင်ရွက်ရာရှိ ဒဏ်ဖြစ်စေသောအဓိကအကြောင်းအရင်းအနေနှင့် ဆွေးနွေးခြင်း

[ရောဂါ၏ထောက်ခံလိုအပ်ချက်②]

# စိတ်ကျန်းမာရေးချို့ယွင်းခြင်း

စိတ်ကျန်းမာရေးချို့ယွင်းခြင်းသည် ပြင်ပမှ စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး (စိတ်ဖိစီးမှု)နှင့် အခြားစိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးအား တစ်ဦးတည်းကိုင်တွယ် မှုနှင့်ဆက်စပ်၍ ဖျားနာမှုဖြစ်ပွားစေသည်ဟု ယူဆနိုင်သည်။ စိတ်ကျန်းမာရေး ချို့ယွင်းခြင်းသည် အလုပ်ကြောင့်ဖြစ်သည့် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး *အရ ရောဂါလက္ခဏာ ပြသောအခါ အလုပ်သမားလျော်ကြေး ရထိုက်ခြင်းဟု သတ်မှတ်မည်။
*အလုပ်ကြောင့်ဖြစ်သည့် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ဟူသည် ဓမ္မဓိဋ္ဌာန်ကျကျ ရောဂါကို ဖြစ်ပွားစေသည်ဟု ယူဆရသော စိတ်ပိုင်း ဆိုင်ရာဝန်ထုပ်ဝန်ပိုးကို ဆိုလိုသည်။

**[ အလုပ်သမားမတော်တဆထိခိုက်မှု ထောက်ခံ၊ လိုအပ်ချက်]**

အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီပါက အလုပ်သမားမတော်တဆ ထိခိုက်မှုအဖြစ် ထောက်ခံချက်ရမည်ဖြစ်သည်။

## ၁။ထောက်ခံထားသည့် အခြေခံအချက်ဖြစ်သည့် စိတ်ကျန်းမာရေး ချို့ယွင်းခြင်းဖြစ်ပွားသည့်အခါ

အပြည်ပြည်ဆိုင်ရာရောဂါအမျိုးအစား အကြိမ် ၁၀မြောက်ပြင်ဆင်ချက် (ICD10)အခန်း ၅ "စိတ်ပိုင်းဆိုင်ရာနှင့် အပြုအမူချို့ယွင်းခြင်း" အရ အမျိုးအစား သတ်မှတ်ခံရသည့် စိတ်ကျန်းမာရေးချို့ယွင်းချက်ဖြစ်သည်။ (စိတ်ဖောက်ပြန်ခြင်း နှင့် ဦးခေါင်းဒဏ်ရာရခြင်း စသည်တို့ကြောင့် ဖြစ်ပွားသည့် အခြင်းအရာများ မပါဝင်ပါ။

(ဥပမာ) စိတ်ဓါတ်ကျခြင်း၊ ရုတ်တရက် စိတ်ဖိစီးမှု တုံ့ပြန်ချက်စသည်

## ၂။ အသိအမှတ်ပြု စံနှုန်းများနှင့် သက်ဆိုင်သော စိတ်ကျန်းမာရေးချို့ယွင်းခြင်းမဖြစ်ပွားမီ ၆လခန့်အတွင်း အလုပ်ကြောင့် ဖြစ်သည့် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟု သတ်မှတ်ခံရခြင်း

(ဥပမာ)

- မိမိကိုယ်ကို သေကြောင်းကြံစည်ရလောက်သည့်အတိုင်းအတာရှိသည့် မတော်တဆမှုနှင့် ကြုံတွေ့ရသည့်အခါ
- အထက်လူကြီး၏ ကိုယ်ကျင့်တရားနှင့် လူသားဆန်မှုနှင့်ဆန့်ကျင်ပြီး အလုပ်သဘောအရ သိသာထင်ရှားစွာမလိုအပ်သော စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ ပြုလုပ်ခံရသည့်အခါ
- ရှည်ကြာသည့်အလုပ်ချိန်ရှိသည့်အခါ စသည်

*အနိုင်ကျင့်ခြင်း၊ နှောင့်ယှက်ခြင်းကဲ့သို့သော ဖြစ်စဉ်များ ထပ်ခါတလဲလဲ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ ဖျားနာစဉ်၆လအကြာမှစ၍ ထိုအချင်းအရာများစတင်ဖြစ်ပွားခြင်း၊ ဖျားနာသည်အထိ ဆက်တိုက်ဖြစ်ပွားသည့် အခါတွင် ထိုအချင်းအရာများစတင်ဖြစ်ပွားချိန်မှစ၍ စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ဖြစ်သည်ဟု သတ်မှတ်ပါမည်။

## ၃။ အလုပ်ကြောင့်မဟုတ်သည့် စိတ်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးနှင့်မိမိကြောင့် ဖြစ်သော စိတ်ပိုင်းဆိုငရာဝန်ထုပ်ဝန်းကို ဖျားနာသည်ဟု မသတ်မှတ်နိုင်ကြောင်း

ပုဂ္ဂိုလ်ရေးအကြောင်းကိစ္စ(ကွာရှင်းခြင်း၊ အိမ်ထောင်ဖက်နှင့် ခွဲနေခြင်း၊ အိမ်ထောင်ဖက်၊ သားသမီး၊ မိဘ၊ မောင်နှမတို့ ဆုံးပါးခြင်းစသည်) ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းအရင်းမဟုတ်ဟု ဆိုနိုင်ခြင်းရှိမရှိကို ဂရုပြု၍ ဆုံးဖြတ်မည်ဖြစ်သည်။
စိတ်ကျန်းမာရေးချို့ယွင်းခြင်းဆိုင်ရာ ရောဂါအခံနှင့် အရက်စွဲသည့်ရောဂါအခံစသည့် တစ်ဦးချင်းသီးခြား အကြောင်းအရင်းများရှိမရှိနှင့် ယင်းအကြောင်းအရာနှင့်ပတ်သက်၍ အတည်ပြုစစ်ဆေးမည်ဖြစ်ပြီး တစ်ဦးချင်းသီးခြား အကြောင်းအရင်းများရှိသည့်အခါ ယင်းအချက်များသည် ဖျားနာရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်ဟု ဆိုနိုင်ခြင်းရှိမရှိကို ဂရုပြု၍ ဆုံးဖြတ်မည်ဖြစ်သည်။

[ရောဂါ၏ထောက်ခံလိုအပ်ချက်③]

# အပေါ်ဘက်ခြေလက်အင်္ဂါချို့ယွင်းခြင်း

လက်မောင်းနှင့်လက်ကို ပြင်းထန်စွာစေခိုင်းသည့်အခါ လည်ပင်းမှ ကျော ၊ လက်မောင်း၊ လက်၊ လက်ချောင်းအထိ ဖူးရောင်စေခြင်း၊ အဆစ်နှင့်ကြွက်သား ကြောအား မူမမှန်ဖြစ်စေခြင်းတို့ဖြစ်တတ်သည်။

＜ပုံမှန်ရောဂါစစ်တမ်းအမည်＞

- လက်မောင်းအပေါ်ရိုးအပြင် (အတွင်း) ဖူးရောင်ခြင်း • တံတောင်ဆစ်/လက်ဖျံ အရိုးနာ လက္ခဏာ
- လက်ကောက်ဝတ် (လှည့်) နာကျင်ခြင်း လက္ခဏာ • လက်အဆစ်နာခြင်း • အရွတ်ရောင်ခြင်း
- အရွတ်အပေါ်အကာရောင်ခြင်း • လက်ကောက်ဝတ် ပြွန်ကြောနာ လက္ခဏာ • လက်ကြွက်တက်ခြင်း
- လက်ကြွက်တက်ခြင်း လက္ခဏာ • ပခုံးမှလက်ဖျံကြောတလျောက်နာခြင်း လက္ခဏာ

[အလုပ်သမားမတော်တဆထိခိုက်မှုထောက်ခံ၊ လိုအပ်ချက်]

အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီပါက အလုပ်သမားမတော်တဆ ထိခိုက်မှုအဖြစ် ထောက်ခံချက်ရမည်ဖြစ်သည်။

## ၁။ အပေါ်ဖက်ခြေလက်အင်္ဂါ *တွင် ဝန်ဖြစ်စေသည့်အလုပ်ကို အဓိကထား လုပ်ရသော အလုပ်တွင် လုပ်ကိုင်ရသည့်အချိန် (အခြေခံစည်းမျဉ်းအားဖြင့် ၆လနှင့်အထက် ) လုပ်ပြီးသည့် နောက်ပိုင်း ရောဂါလက္ခဏာပြသောအခါ

အဓိကအားဖြင့်အောက်ပါအလုပ်များသည် အကျုံးဝင်သည်။

၁။အပေါ်ဘက်ခြေလက်အင်္ဂါအား ထပ်ခါထပ်ခါ လှုပ်ရှားရခြင်း များသည့်အလုပ်

၂။ အပေါ်ဘက်ခြေလက်အင်္ဂါအား မြှောက်ထားသည့်ပုံစံဖြင့် လုပ်ရသောအလုပ်

၃။လည်ပင်း၊ ကျော၏လှုပ်ရှားမှု နည်းပါးပြီး၊ ကိုယ်နေဟန်ထား ကန့်သတ် ခံရသောအလုပ်

၄။အပေါ်ဘက်ခြေလက်အင်္ဂါ စသည်၏ တိကျသောအနေအထားတွင် ဝန်ဖြစ်စေသည့်အခြေအနေဖြင့် လုပ်ဆောင်ရသောအလုပ်

*အပေါ်ဘက်ခြေလက်အင်္ဂါစသည်တို့ဟူသည် ခေါင်းအနောက်ဘက်၊ လည်ပင်း၊ ပခုံးတစ်ဝိုက်၊ အပေါ်လက်မောင်း၊ အရှေ့လက်မောင်း၊ လက်၊ လက်ချောင်းကိုဆိုလိုသည်။

## ၂။ ရောဂါလက္ခဏာ မပြမီ အလုပ်ပမာဏအများအပြား လုပ်ကိုင်ခဲ့ရခြင်း

ရောဂါလက္ခဏာမပြမီ ၃လအတွင်းတွင် အပေါ်ဘက်ခြေလက်အင်္ဂါ စသည် တို့တွင် ဝန်ဖြစ်စေသောအလုပ်ကို အောက်ပါအခြေအနေတွင်လုပ်ရခြင်းကို ဆိုလိုသည်။

- အလုပ်ပမာဏသည် တသမတ်တည်းနီးပါးဖြစ်သည့်အခါ
  အဆိုပါအလုပ်တွင် လုပ်ကိုင်သည့် တူညီသော လိင်အမျိုးအစား ဖြစ်ပြီး အသက်အရွယ်အတူတူနီးပါးရှိသော ဝန်ထမ်းထက် ၁၀ရာခိုင်နှုန်းအထက် အလုပ်ပမာဏ ပိုလုပ်ရသည့်နေ့သည် ၃လကြာဆက်တိုက်ဖြစ်နေသောအခါ
- အလုပ်ပမာဏ ပြောင်းလဲခြင်းရှိသည့်အခြေအနေ
  (၁) တစ်ရက်အလုပ်ပမာဏမှာ ပုံမှန်ထက် ၂၀ ရာခိုင်နှုန်းအထက် ပိုများသောနေ့သည် တစ်လတွင် ၁၀ရက်နီးပါးရှိပြီး ၃လဆက်တိုက်ဖြစ်သည့် အခါ (တစ်လအတွင်းအလုပ်ပမာဏ စုစုပေါင်းသည် ပုံမှန်နှင့်တူညီလျှင်လည်း ရသည်)

  *အလုပ်ပမာဏ အများအပြားလုပ်ခဲ့/ မလုပ်ခဲ့ခြင်းကို ဆုံးဖြတ်သည့်အခါ အလုပ်ပမာဏသာမက နောက်အခြေအနေကို လည်း ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။

  *အချိန်ကြာလုပ်ရသောအလုပ်၊ ဆက်တိုက်လုပ်ရသောအလုပ်၊ စိုးရိမ်မှု များခြင်း၊ ပုံမှန်မဟုတ်သော များပြားသော အလုပ်ချိန် မသင့်တော်သော အလုပ်ပတ်ဝန်းကျင်၊

  *များပြားလေးလံသောအလုပ်ဝန်၊ အင်အားကုန်သုံးရခြင်း

## ၃။ များပြားသောအလုပ်ကို လုပ်ကိုင်ခြင်းနှင့် ရောဂါလက္ခဏာ ပြသည်အထိ ကြာရှည်စွာ အလုပ်လုပ်မှုအား ကျိုးကြောင်းဆီလျော်သော ဆေးကုသမှုအဖြစ် သတ်မှတ်နိုင်ကြောင်း

[ရောဂါ၏ထောက်ခံလိုအပ်ချက်④]

# ကျောနောက်ပိုင်းနာကျင်မှု

အလုပ်သမားလျော်ကြေးရထိုက်သော ကျောနောက်ပိုင်းနာကျင်မှုဟူသည်
ဆေးဝါးကုသမှုလိုအပ်ကြောင်း သတ်မှတ်ခံရသည့် အောက်ပါအမျိုးအစား ၂မျိုးနှင့် ပတ်သက်၍
အလုပ်သမားမတော်တဆ ထိခိုက်မှု ထောက်ခံ လိုအပ်ချက်ကို ဆုံးဖြတ်မည်ဖြစ်သည်။
**[အလုပ်သမားမတော်တဆထိခိုက်မှုထောက်ခံ၊ လိုအပ်ချက်]**

## ၁။ ဘေးအန္တရာယ်ကြောင့်ဖြစ်သော ကျောနောက်ပိုင်းနာကျင်မှု

ဒဏ်ရာကြောင့်ဖြစ်သော ကျောနောက်ပိုင်းနာကျင်မှုကြောင့် အောက်ပါအချက်၁၊ ၂ တို့အနက်
တစ်ချက်ချက်နှင့် ကိုက်ညီသည့်အခါ
(၁) ခါးဒဏ်ရာရသည့်အခါ သို့မဟုတ် ခါးဒဏ်ရာရစေသည့် ရုတ်တရက် အားစိုက်၍ လှုပ်ရှားရခြင်းသည်
အလုပ်အတွင်း မထင်မှတ်ထားသော ကိစ္စကြောင့် ဖြစ်ပွားကြောင်း ထင်ရှားစွာအသိအမှတ်ခံရခြင်း။
(၂) ခါးကိုအားစိုက်အသုံးပြုရခြင်းသည် ခါးနာကျင်မှုကိုဖြစ်ပေါ်စေပြီး၊ တစ်ဖန်
ခါးနာကျင်မှုမှတ်တမ်းဟောင်း၊ ငုပ်လျှိုးနေသော အနာရောဂါကို သိသိသာသာ ဆိုးရွားစေသည်ဟု
ဆေးဖက်ဆိုင်ရာအရ အသိအမှတ်အပြုခံရသော အခါ ။

## ၂။ ဘေးအန္တရာယ်ကြောင့်မဟုတ်သော ကျောနာကျင်မှု

ဘေးအန္တရာယ်ကြောင့်မဟုတ်သော ကျောနာကျင်မှုသည် နာကျင်စေသော အကြောင်းအရာအလိုက်
အောက်ပါ ၂မျိုးအဖြစ် ခွဲခြားဆုံးဖြတ်မည်ဖြစ်သည်။

**◆ကြွက်သားစသည်တို့ပင်ပန်းမှုကြောင့် ဖြစ်ပေါ်သောနာကျင်မှု**
အောက်ဖော်ပြပါအလုပ်နှင့်ဆက်စပ်သော ရေတိုကြာချိန်(၃လနှင့်အထက်ခန့်)
အလုပ်လုပ်ရသည့်အတွက် ကြွက်သားစသည်တို့ ပင်ပန်းမှုကြောင့်ဖြစ်ပေါ် လာသော
ကျောနာကျင်မှုသည် အလုပ်သမားမတော်တဆထိခိုက်မှု ရထိုက်သည် ဟုသတ်မှတ်မည်။
.၂၀ကီလိုထက်ခန့်ရှိသော လေးလံသည့်ပစ္စည်း သို့မဟုတ် မတူညီသည့် အလေးချိန်ရှိသောပစ္စည်းများကို
ထပ်ဖန်တလဲလဲ ကျောလယ်ဖြင့် သယ်ဆောင် ရသောအလုပ်
.နေ့စဉ် နာရီပေါင်းများစွာ ခါးဖြင့်အလွန်တရာ မသင့်တော်သော အနေ အထားအတိုင်း
လုပ်ဆောင်ရသောအလုပ်
.နာရီအတော်ကြာ မတ်တပ်မရပ်၍ တစ်သတ်မှတ်တည်း ပုံစံဖြင့် လုပ်ဆောင်ရသော အလုပ်
.ခါးအားအလွန်ကြီးမားသောတုန်ခါမှုဖြင့် တုန်ခါစေကာ လုပ်ငန်းလုပ်ဆောင်ရသောအလုပ်

**◆အရိုးပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သော ကျောနာကျင်မှု**
အောက်ဖော်ပြပါ လေးလံသည့် ပစ္စည်းကို သယ်ယူရသော အလုပ်အား
တာဝန်ချိန်(၁၀နှစ်အထက်ခန့်)လုပ်ဆောင်ရသော အလုပ်ကြောင့် အရိုး ပြောင်းလဲမှုကို ဖြစ်ပေါ်စေပြီး
ထိုအရိုးပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သော နာကျင်မှုကို အလုပ်သမားမတော်တဆ ထိခိုက်မှုလျော်ကြေး
ရထိုက်သည်ဟု သတ်မှတ်ပါမည်။
.၃၀ကီလိုအထက်ခန့်ရှိသော လေးလံသော ပစ္စည်းကို အလုပ်ချိန်၏ ၃ပုံ၁ပုံ အထက်ခန့်အထိ
သယ်ယူရသောအလုပ်
.၂၀ကီလိုအထက်ခန့်ရှိသော လေးလံသော ပစ္စည်းကို အလုပ်ချိန်ထက်ဝက် ကျော်ခန့်အထိ
သယ်ယူရသောအလုပ်

*အရိုးပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သော ကျောနာကျင်မှုအား အလုပ်သမား မတော်တဆထိခိုက်မှု
လျော်ကြေးရထိုက်သည်ဟု အသိအမှတ်ပြုရန် အတွက် ထို အရိုးပြောင်း လဲမှုသည် "ပုံမှန်
အသက်ကြီးမှုကြောင့်ဖြစ်သော အရိုးပြောင်းလဲမှု ထက် သိသိသာသာပြောင်းလဲမှု"ဖြစ်မှသာလျှင်
အသိအမှတ်ပြုမည်ဖြစ်သည်။

# ခွင့်ရက်(လျော်ကြေး) အစရှိသည့် ခံစားခွင့်

အလုပ်သမားသည် အလုပ် သို့မဟုတ် အလုပ်အသွားအပြန်ကြောင့် ဒဏ်ရာရပြီး ရောဂါအလိုက် ဆေးကုသမှု လိုအပ်သောအခါ ထိုထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုသည် "ပျောက်ကင်း" ※သည်အထိဆေးကုသမှုလျော်ကြေး ခံစားခွင့်(အလုပ်အတွင်း မတော်တဆထိခိုက်မှုဖြစ်သည့် အခါ) လုပ်ငန်းခွင်မျိုးစုံတွင် လုပ်ကိုင်နေသော အလုပ်သမားအတွက် ဆေးကုသမှု ခံစားခွင့်များ (အလုပ်ရှင်မတူသည့်တစ်ခုထက်ပိုသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းအတွက်) သို့မဟုတ်ဆေးကုသမှု ခံစားခွင့် (အလုပ်အသွားအပြန်မတော်တဆထိခိုက်မှုဖြစ်သည့်အခါ) ကို ထောက်ပံ့ပေး မည်ဖြစ်သည်။

## ခံစားခွင့်အကြောင်းအရာ

ဆေးကုသမှု(လျော်ကြေး) အစရှိသည့် ခံစားခွင့်တွင် "ဆေးကုသမှု ခံစားခွင့်"နှင့် "ဆေးကုသမှုကုန်ကျစရိတ် ထောက်ပံ့ခြင်း" တို့ရှိသည်။

- "ဆေးကုသမှုခံစားခွင့်"သည် အလုပ်သမားဆေးရုံနှင့် သတ်မှတ်ထားသော ဆေးကုသမှု အဖွဲ့အစည်း၊ ဆေးခန်းစသည်(အောက်ပါ "သတ်မှတ်ထားသောဆေးကုသမှုအဖွဲ့အစည်းစသည်")တို့တွင် အခမဲ့ ဆေးကုသမှုနှင့် ဆေးပေးခြင်းကို ရယူနိုင်သည့် လက်တွေ့ခံစားခွင့်ဖြစ်သည်။
- "ဆေးကုသမှုကုန်ကျစရိတ်ထောက်ပံ့ခြင်း"သည် အနီးအနားတွင် သတ်မှတ်ထားသောဆေးကုသမှု အဖွဲ့အစည်းမရှိဟူသော အကြောင်းပြချက်ဖြင့် သတ်မှတ်ထားသောဆေးကုသမှုအဖွဲ့အစည်းစသည် မဟုတ်သော အခြားဆေးကုသမှုအဖွဲ့အစည်းနှင့် ဆေးခန်းစသည်တို့တွင် ဆေးကုသမှုခံယူသည့်အခါ ထိုကုန်ကျစရိတ် ကို ထောက်ပံ့ပေးသည့် ငွေသားခံစားခွင့်ဖြစ်သည်။

ခံစားခွင့်ရရှိနိုင်သည့် ဆေးကုသမှုအဝန်းအဝိုင်းနှင့် အချိန် သည် အတူတူပင်ဖြစ်သည်။ ဆေးကုသမှု(လျော်ကြေး) အစရှိသည့် ခံစားခွင့်တွင် ဆေးကုသမှု ကုန်ကျစရိတ်၊ ဆေးရုံတက်သည့်ကုန်ကျစရိတ်၊ ပို့ဆောင်ရေးကုန်ကျစရိတ်စသည့် ပုံမှန်ဆေးကုသမှုအတွက် လိုအပ်သည့်ကုန်ကျစရိတ်များပါဝင်ပြီး၊ ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှု ပျောက်ကင်းသည်အထိ (ရောဂါလက္ခဏာငြိမ်သက်သည်) ထောက်ပံ့ပေးမည်ဖြစ်မည်။

### ◇ "ပျောက်ကင်းမှု"ဟူသည်

ကိုယ်တွင်းအင်္ဂါ၊ ကိုယ်ခန္ဓာအဖွဲ့အစည်းသည် လုံးဝ နာလန်ထူသည့်အခြေအနေအထိ ပြန်ကောင်းသည့် အခြေအနေသာမက၊ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုစိတ်ချရပြီး ဆေးဘက်ဆိုင်ရာအရ အသိအမှတ်ပြုသည့် ဆေးကုသမှု(※1)ကို လုပ်ဆောင်ကာ၊ ထိုဆေးဘက်ဆိုင်ရာ အကျိုးသက်ရောက်မှုကို မမျှော်လင့်နိုင်တော့သည့် အခြေအနေ

(※2) "ရောဂါလက္ခဏာ ငြိမ်သက်သည့်" အခြေအနေကို ဆိုလိုသည်။ ထို့ကြောင့် "ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုလက္ခဏာသည် ဆေးညွှန်း၊ ရုပ်ပိုင်းဆိုင်ရာ ကုထုံးစသည့် ကုသမှုအရ ယာယီနာလန်ထူခြင်းဖြစ်သည့် အခြေအနေ" စသည့် လက္ခဏာ ကျန်လျှင်လည်း ဆေးဘက်ဆိုင်ရာ အကျိုးသက်ရောက်မှုကို မမျှော်လင့်နိုင်ဟု ဆုံးဖြတ်ခံရသည့် အခါ အလုပ်သမားမတော်တဆထိခိုက်မှုအာမခံတွင် "ကုသပြီး" (ရောဂါလက္ခဏာ ငြိမ်သက်သည်) ဟု ဆုံးဖြတ်ပြီး ဆေးကုသမှု(လျော်ကြေး) အစရှိသည့် ခံစားခွင့်ကို မထောက်ပံ့ပါ။

(※1) "ဆေးဘက်ဆိုင်ရာအရ အသိအမှတ်ပြုသည့် ဆေးကုသမှု" ဆိုသည်မှာ အလုပ်သမား မတော်တဆ ထိခိုက်မှုအာမခံ၏ ဆေးကုသမှုအဝန်းအဝိုင်း (အခြေခံအားဖြင့် ကျန်းမာရေးအာမခံအား အခြေခံထားသည်) အနေဖြင့် အသိအမှတ်ပြုသည့်အရာကို

ခေါ်ဆိုသည်။ထို့ကြောင့် စမ်းသပ်သည့်အဆင့် သို့မဟုတ် စစ်ဆေးမှုဖြစ်စဉ်တွင်

ရှိသကဲ့သို့ ကုသမှုနည်းလမ်းသည် ဤနေရာတွင်ရှိသော ဆေးကုသမှုတွင် မပါဝင်ပါ။

(※2) "ဆေးဘက်ဆိုင်ရာအကျိုးသက်ရောက်မှုကို မမျှော်လင့်နိုင်တော့သည့် အခြေအနေ" ဆိုသည်မှာ အဆိုပါ ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှု နာလန်ထူခြင်း၊ တိုးတက်မှုကို မမျှော်လင့်နိုင်တော့သည့်အခြေအနေကို ဆိုလိုသည်။

## တောင်းခံပုံလုပ်နည်းအဆင့်ဆင့်

- **.ဆေးကုသမှုခံစားခွင့် တောင်းခံသည့်အခါ**

ဆေးကုသမှုခံယူနေသည့် သတ်မှတ်ထားသော ဆေးကုသမှု အဖွဲ့အစည်း စသည် တို့ကို တစ်ဆင့်ခံကာ အခွင့်အာဏာအရ အလုပ်သမားစံနှုန်း စစ်ဆေးရေး ဉက္ကဌသို့ဆေးကုသမှု လျော်ကြေးခံစားခွင့် ဆေးကုသမှုခံစားခွင့်တောင်းခံလွှာ နှင့် ဆေးဝါးကုသမှု လျော်ကြေးခံစားခွင့်နှင့် ဝန်ထမ်းပေါင်းများစွာအတွက် ဆေးဝါးကုသမှုဆိုင်ရာ ခံစားခွင့်များအတွက် ထောက်ပံ့ငွေလျှောက်လွှာ (ပုံစံအမှတ်၅) ၊တဖန် ဆေးကုသပေးနိုင်မည့် ဆေးကုသမှုခံစားခွင့်တောင်းခံလွှာ (ပုံစံအမှတ် ၁၆၏၃ကို)တင်ပြပါ။

- **ဆေးကုသမှုကုန်ကျစရိတ်ကို တောင်းခံသည့်အခါ**

ဆေးဘက်ဆိုင်ရာ နစ်နာကြေးအကျိုးခံစားခွင့်များနှင့် များပြားလှသော လုပ်ငန်းခွင်မှ လုပ်သားများအတွက် ဆေးဘက်ဆိုင်ရာ အကျိုးခံစားခွင့်များ (ပုံစံအမှတ် ၇) သို့မဟုတ် ကုသစရိတ်တောင်းဆိုမှုပုံစံ (ပုံစံအမှတ် ၁၆-၅) ကို သက်ဆိုင်ရာ အလုပ်သမား စံချိန်စံညွှန်းစစ်ဆေးရေးရုံး အကြီးအကဲထံ တင်ပြပါ။ ထို့အပြင် ဆေးဆိုင်မှ ဆေးဝါးလက်ခံရရှိပါက ပုံစံအမှတ် ၇-၂ သို့မဟုတ် ပုံစံအမှတ် ၁၆-၅-၂ ကို တင်ပြပါ၊ သို့မဟုတ် ဂျူဒိုအရိုးဆက်သူထံမှ ကုသမှုခံယူပါက ပုံစံအမှတ် ၇-၃ သို့မဟုတ် ပုံစံအမှတ် ၁၆-၅-၃ ကို တင်ပြပါ၊ သို့မဟုတ် အပ်စိုက်ကုထုံးဆရာ၊ တရုတ်ဆေးဆရာ သို့မဟုတ် လက်ချောင်းအနှိပ်ကုပညာရှင်ထံမှ ကုသမှုခံယူပါက ပုံစံအမှတ် ၇-၄ သို့မဟုတ် ပုံစံအမှတ် ၁၆-၅-၄ ကို တင်ပြပါ၊ သို့မဟုတ် အိမ်တွင်းသူနာပြုကုမ္ပဏီတစ်ခုမှ သူနာပြုလက်ခံရရှိပါက ပုံစံအမှတ် ၇-၅ သို့မဟုတ် ပုံစံအမှတ် ၁၆-၅-၅ ကို တင်ပြပါ။

**●သတ်မှတ်ထားသောဆေးကုသမှုအဖွဲ့အစည်းစသည်တို့ကိုပြောင်းလဲသည့်အခါ**

သတ်မှတ်ထားသောဆေးကုသမှုအဖွဲ့အစည်းစသည်တို့တွင် ဆေးကုသမှုခံစားခွင့် ကို ခံယူနေသည့် ပုဂ္ဂိုလ်မှာ မွေးရပ်သို့ပြန်ခြင်း စသည့် အကြောင်းပြချက်တို့ကြောင့် အခြားသတ်မှတ်ထားသော ဆေးကုသမှုအဖွဲ့အစည်းသို့ ပြောင်းလဲသည့်အချိန်တွင် ပြောင်း လဲသွားသည့် သတ်မှတ်ထားသော ဆေးကုသမှုအဖွဲ့အစည်းစသည်တို့ကို တစ်ဆင့်ခံကာအခွင့်အာဏာအရ အလုပ်သမားအခြေခံ စစ်ဆေး ရေးဥက္ကဌသို့ "ဆေးကုသမှုလျော်ကြေးထောက်ပံ့ငွေဖြစ်သော ဆေးကုသမှုထောက်ပံ့ငွေနှင့် လုပ်ငန်းခွင်မျိုးစုံတွင် လုပ်ကိုင်နေသော အလုပ်သမားအတွက် ဆေးကုသမှု ခံစားခွင့်များလက်ခံ သည့်သတ်မှတ်ထားသော ဆေးရုံစသည့်(ပြောင်းလဲမှု)အကြောင်းကြား စာ "ပုံစံအမှတ်၆၊ သို့မဟုတ် "ဆေးကုသမှုထောက်ပံ့ငွေဖြစ်သော ဆေးကုသမှု ထောက်ပံ့ငွေကို ခံယူမည့် သတ်မှတ်ထားသောဆေးရုံ စသည်တို့ပြောင်းလဲ ကြောင်းအကြောင်းကြားစာ" (ပုံစံအမှတ်၁၆၏၄) ကိုတင်ပြပါ။

●*သတ်မှတ်ထားသော ဆေးရုံဆေးခန်းများ မဟုတ်သော အခြားဆေးရုံဆေးခန်းများနှင့် ဆေးဆိုင်များ စသည်တို့တွင် ဆေးကုသမှု ခံယူနေရာမှ သတ်မှတ်ထားသော ဆေးရုံဆေးခန်းများသို့ ပြောင်းလဲ ကုသမှုခံယူလိုသော သူများအနေဖြင့် ပုံစံနံပါတ် 6 သို့မဟုတ် ပုံစံနံပါတ် 16-4 ကို တင်ပြရန် မလိုအပ်ပါ။ ကျေးဇူးပြု၍ ပုံစံနံပါတ် 5 နှင့် ပုံစံနံပါတ် 16-3 တို့ကိုတင်ပြပါ။

## ဆေးရုံတတ်စရိတ်နှင့်ပတ်သက်၍

ဆေးရုံတတ်စရိတ်နှင့်ပတ်သက်၍ ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုဝေဒနာရှင် အလုပ်သမားများ၏ နေထိုင်ရာ၊ တဖန် အလုပ်နေရာမှစည်းမျည်း 2Km*ရှိ ဆေးရုံတတ်ခြင်းမျိုးဖြစ်ပြီး အောက်ပါ (၁)မှ(၃)အတွင်း တစ်ခုခုနှင့် ကိုက်ညီသည့် အချိန်မျိုးတွင် ထောက်ပံ့မှုရနိုင်သူဖြစ်လာမည်။

(၁) တူညီသည့်မြို့ရွာ ရပ်ကွက်အတွင်းရှိ သင့်လျော်သော ဆေးကုသမှုအဖွဲ့အစည်း *တွင်ဆေးရုံတတ်သည့်အချိန်။

(၂)တူညီသည့်မြို့ရွာရပ်ကွက်အတွင်းတွင် သင့်လျော်သောဆေးကုသမှုအဖွဲ့ အစည်းမရှိသည့်အတွက် နီးစပ်ရာမြို့ရွာ ရပ်ကွက်သို့ ဆေးရုံတတ်ရသည့်အချိန် (တူညီသည့်မြို့ရွာရပ်ကွက်တွင် သင့်လျော်သောဆေးကုသမှုအဖွဲ့အစည်း ရှိသော်လည်း နီးစပ်ရာမြို့ရွာရပ်ကွက်အတွင်းရှိ ဆေးကုသမှုအဖွဲ့အစည်းက ပိုပြီး ဆေးရုံတတ်ရလွယ်ကူသည့်အချိန် စသည်တို့ပါဝင်သည်။

(၃)တူညီသည့်မြို့ရွာ ရပ်ကွက်အတွင်း၊ နီးစပ်ရာမြို့ ရွာ ရပ်ကွက်အတွင်းတွင် သင့်လျော်သည့် ဆေးကုသမှုအဖွဲ့အစည်း မရှိသည့်အတွက် ထိုမြို့ရွာ ရပ်ကွက်ထက် သာလွန်ကောင်းမွန်သည့် အနီးဆုံးဆေးကုသမှုအဖွဲ့အစည်းတွင် ဆေးရုံတတ်ရသည့်အချိန်။

*၁ အသွား ၂ကီလိုမီတာ နီးပါးဆိုလျှင်လည်း ဆေးရုံတတ်စရိတ် ထောက်ပံ့မှု ရနိုင်သူဖြစ်လာနိုင်သည့် အချိန်မျိုးလည်း ရှိပါသည်။

*၂ သင့်လျော်သည့်ဆေးကုသမှုအဖွဲ့အစည်းဆိုသည်မှာ ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှု ဆေးစစ်ကုသရန် သင့်တော်သည့် ဆေးကုသမှု အဖွဲ့အစည်းကို ဆိုလိုပါသည်။

### ကန့်သတ်ချက်

ဆေးကုသခြင်းဆိုင်ရာ အကျိုးခံစားခွင့်သည် အမှန်တကယ် ခံစားခွင့်ဖြစ်ပြီး၊ တောင်းခံခြင်းအတွက် ကန့်သတ်ချက်ပြဿနာ မရှိသော်လည်း စောင့်ရှောက်မှုအတွက် ကုန်ကျစရိတ်များပေးဆောင်သည်မှာ ပေးဆောင်သည့်နေ့စွဲမှ ၂ နှစ်ပြည့်မြောက်ပြီးနောက်နေ့တွင် တောင်းခံခြင်းပြုလုပ်ပါက ကန့်သတ်ခြင်း ဥပဒေအရ ပယ်ဖျက်နိုင်သည်ကို သတိပြုပါ။

# ပိတ်ရက် (လျော်ကြေး) အစရှိသည့် ခံစားခွင့်

အလုပ်သမားများသည် လုပ်ငန်းတာဝန်အရ အကြောင်းပြချက်များ၊ တဖန် အလုပ်အသွား အပြန်ကြောင့် ဖြစ်သည့် ဒဏ်ရာနှင့် ရောဂါများကိုဆေးကုသရန်အတွက်အလုပ်မလုပ်နိုင်ပဲ၊ ထိုအတွက် လစာကို မရရှိသည့်အချိန်၊ ပိတ်ရက်လျော်ကြေးခံစားခွင့်ပေးခြင်း (အလုပ်အတွင်း မတော်တဆထိခိုက်မှုဖြစ်သည့်အခါ)၊ သို့မဟုတ် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသော အလုပ်သမားများ ပိတ်ရက်ခံစားခွင့် (တစ်ခုထက်ပိုသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်းအတွက် ) ကို ပျက်ရက်4ရက်မြောက်မှစပြီး ထောက်ပံ့မည်။

## ခံစားခွင့်
## အကြောင်းအရာများ

အောက်ပါ လိုအပ်ချက် 3ခုကို ပြည့်မီသည့် အချိန်မျိုးတွင် ပိတ်ရက် 4ရက်မြောက်မှစ၍ ပိတ်ရက် (လျော်ကြေး) ခံစားခွင့်ပေးခြင်းနှင့် ပိတ်ရက်အထူးထောက်ပံ့ငွေကို ထောက်ပံ့ ပါမည်။
①လုပ်ငန်းတာဝန်အရ အကြောင်းပြချက်၊ တဖန် အလုပ်အသွားအပြန်ကြောင့်ဖြစ်သည့် ဒဏ်ရာနှင့် ရောဂါများကို ဆေးကုသရန်အတွက်၊
②အလုပ်မလုပ်နိုင်သည့်အတွက်၊
③လစာ မရရှိခြင်း

လုပ်ငန်းခွင်တစ်ခုတည်းတွင်သာ လုပ်ကိုင်နေသော အလုပ်သမားအတွက် (တစ်နေရာတည်းတွင်သာ လုပ်ကိုင်နေသော အလုပ်သမား)

• ပိတ်ရက် လျော်ကြေး ခံစားခွင့်များ/ ပိတ်ရက် ခံစားခွင့်မှာ = (အခြေခံ နေ့တွက် ခံစားခွင့်ပမာဏ၏ 60%) အလုပ်မှ ပျက်ကွက်သည့် ရက်ပေါင်း

• ပိတ်ရက် အထူးစရိတ် ခံစားခွင့်များ = (အခြေခံ နေ့တွက် ခံစားခွင့်ပမာဏ၏ 20%) အလုပ်မှ ပျက်ကွက်သည့် ရက်ပေါင်း

လုပ်ငန်းခွင်မျိုးစုံတွင် လုပ်ကိုင်နေသော အလုပ်သမားအတွက် (အလုပ်ရှင် တစ်ဦးတည်း မဟုတ်သော လုပ်ငန်းခွင်တစ်ခုထက်ပိုသည့် နေရာများတွင် လုပ်ကိုင်နေသော အလုပ်သမား)

• ပိတ်ရက် လျော်ကြေး ခံစားခွင့်များ/ ပိတ်ရက် ခံစားခွင့်မှာ = (အခြေခံ နေ့တွက် ခံစားခွင့်ပမာဏ၏ 60% သည် တစ်ခုထက်ပိုသော လုပ်ငန်းခွင်များမှ ရရှိသည့်စုစုပေါင်း ပမာဏနှင့် ညီမျှသည်) အလုပ်မှ ပျက်ကွက်သည့် ရက်ပေါင်း

•ပိတ်ရက် အထူးစရိတ် ခံစားခွင့်များ= (အခြေခံ နေ့တွက် ခံစားခွင့်ပမာဏ၏ 20% သည် တစ်ခုထက်ပိုသော လုပ်ငန်းခွင်များမှ ရရှိသည့်စုစုပေါင်း ပမာဏနှင့် ညီမျှသည်) အလုပ်မှ ပျက်ကွက်သည့် ရက်ပေါင်း

အလုပ်မှ ပျက်ကွက်ခြင်းအတွက် ပထမ 3 ရက်ကို စောင့်ဆိုင်းကာလဟု ခေါ်ပြီး အလုပ်သမား စံချိန်စံညွှန်းဥပဒေအရ လုပ်ငန်းခွင် ဒဏ်ရာရခြင်းအတွက် အလုပ်ရှင်သည် ၎င်းအချိန်အတွင်း ပိတ်ရက်ခံစားခွင့် (တစ်နေ့ပျမ်းမျှလုပ်အားခ၏ 60%) ကိုပေးရမည်။ သို့သော် တစ်ခုထက်ပိုသော လုပ်ငန်းခွင်ကြောင့် ထိခိုက်ဒဏ်ရာရခြင်းနှင့် အလုပ်အသွားအပြန်ကြောင့် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်ခဲ့လျှင် အလုပ်ရှင်မှ လျော်ကြေးပေးရန် တာဝန်ရှိသည်ဟူသော ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါ။

ထို့အပြင် ဥပမာအားဖြင့်၊ အလုပ်သမားသည် ဆေးရုံသွားပြရန် သတ်မှတ်ထားသည့် အလုပ်အချိန်ပိုင်း အနည်းငယ်ကိုသာ လွတ်သွားခဲ့လျှင် ၎င်းသည် လွတ်သွားသော အချိန်အတွက် လုပ်ခ၏ အခြေခံနေ့တွက်ခံစားခွင့် ပမာဏ၏ 60% ကို ရနိုင်သည်။

လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဗျူရိုသို့ "လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသော အလုပ်သမားများ ပိတ်ရက်ခံစားခွင့် လျှောက်လွှာ" (ပုံစံအမှတ်8) သို့မဟုတ် "အလုပ်နားခြင်းနစ်နာကြေးအာမခံအကျိုးခံစားခွင့် လျှောက်လွှာ" (ပုံစံအမှတ် 16-6) ကိုတင်ပြပါ။

## လျှောက်လွှာတင်ရမယ့်
## နည်းလမ်းအဆင့်ဆင့်

### သတ်မှတ်ချိန်ကာလ ကျော်လွန်မှု

အလုပ်နားခြင်း(လျော်ကြေး) အစရှိသည့် ခံစားခွင့်သည် ဆေးကုသမှုအတွက်အလုပ်မလုပ်နိုင်သောကြောင့် လုပ်ခလစာ မရသော ရက်တိုင်းတွင်လျှောက်ထားနိုင်ပြီး ထိုနောက်နေ့မှစ၍2နှစ်ကျော်လျှင် ကန့်သတ်ကာလ ကျော်လွန်မှုဖြင့် လျှောက်တင်ခွင့် ပျက်မှာဖြစ်သောကြောင့်

# ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှု(လျော်ကြေး) အစရှိသည့် ပင်စင်

လုပ်ငန်းခွင်အတွင်းနှင့် အလုပ်အသွားအပြန်ချိန်တွင်းဖြစ်ပွားသော ထိခိုက်ဒဏ်ရာများ၊ ဖျားနာမှုများ စတင်ကုသပြီးနောက် 1နှစ်6လကျော်သောနေ့ သို့မဟုတ် ထိုနေ့နောက်ပိုင်းတွင် အောက်ပါအခြေအနေများနှင့် ကိုက်ညီပါက ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှုလျော်ကြေးပင်စင် (အလုပ်ချိန်အတွင်း ထိခိုက်မှုအခြေအနေ) လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုလျော်ကြေးပင်စင် (တစ်ခုထက်ပိုသော လုပ်ငန်းခွင်တွင် လုပ်ကိုင်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်းအတွက်) သို့မဟုတ် ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှုပင်စင် (အလုပ်အသွားအပြန်ချိန်တွင် ဖြစ်ပွားသော ထိခိုက်မှု

(1) ထိုထိခိုက်ဒဏ်ရာများ သို့မဟုတ် ဖျားနာမှုများ မပျောက်သေးခြင်း

(2) ထိုထိခိုက်ဒဏ်ရာများ သို့မဟုတ် ဖျားနာမှုများကြောင့်ဖြစ်သော ထိခိုက်ဆုံးရှုံးမှု သည် ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုအဆင့်အမျိုးအစားဇယားမှ အဆင့်အမျိုးအစားများ

## ခံစားခွင့် အကြောင်းအရာ

ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှုအဆင့်ပေါ်မူတည်၍ ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှု(လျော်ကြေး) အစရှိသည့်ပင်စင်၊ ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှု အထူးထောက်ပံ့ငွေနှင့် ထိခိုက်

| ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှုအဆင့် | ထိခိုက်ဒဏ်ရနှင့်ဖျားနာမှု (လျော်ကြေး) အစရှိသည့်ပင်စင် | ထိခိုက်ဒဏ်ရနှင့်ဖျားနာမှုအထူးခံစားခွင့်(တလုံးတခဲတည်းပေးငွေ) | ထိခိုက်ဒဏ်ရနှင့်ဖျားနာမှုအထူးပင်စင်ငွေ |
|---|---|---|---|
| အဆင့် 1 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ စုစုပေါင်း၏ 313ရက်စာ | 1,140,000 ယန်း | အခြေခံနေ့တွက်စရိတ်၏ 313ရက်စာ |
| အဆင့် 2 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ စုစုပေါင်း၏ 277ရက်စာ | 1,070,000 ယန်း | အခြေခံနေ့တွက်စရိတ်၏ 277ရက်စာ |
| အဆင့် 3 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ စုစုပေါင်း၏ 245ရက်စာ | 1,000,000 ယန်း | အခြေခံနေ့တွက်စရိတ်၏ 245ရက်စာ |

**ပင်စင်ပေးချေရမည့်လ**

ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှု(လျော်ကြေး) အစရှိသည့် ပင်စင်ကို အထက်ပါအချက် (၁)(၂) ထောက်ပံ့သည  အခြေအနေနှင့် ကိုက်ညီသောလ၏ နောက်လမှစ၍ ခံစားခွင့်ရှိပြီး နှစ်စဉ် ဖေဖော်ဝါရီလ၊ ဧပြီလ၊ဇွန်လ၊ ဩဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလ စသော 6လတွင် လအသီးသီး၏ ရှေ့2လစာကို ရရှိမည်ဖြစ်သည်။

※ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှုအဆင့်သည်ပထမအဆင့်ရှိသူ သို့မဟုတ် ဝမ်းဗိုက်နှင့်ရင်ဘတ်ပိုင်း အင်္ဂါများ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိနေသူသည် လက်ရှိတွင်ပြုစုစောင့်ရှောက်မှု ခံယူနေသော အခြေအနေဆိုလျှင် ပြုစုစောင့်ရှောက်မှု (လျော်ကြေး)အစရှိသည့် အကျိုးခံစားခွင့်ကို ရရှိနိုင်သည်။ (P33)

## လျှောက်တင်ပုံအဆင့်ဆင့်

ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှု(လျော်ကြေး) အစရှိသည့် ပင်စင်အကျိုးခံစားခွင့်ရရှိခြင်း မရရှိခြင်းသည် လုပ်ငန်းခွင် စံချိန် စံညွှန်းကြီးကြပ်ရေးဌာနမှူး၏ လုပ်ပိုင်ခွင့်ပေါ်မူတည်သောကြောင့် လျှောက်တင်ပုံအဆင့်ဆင့် မလိုအပ်သော်လည်း ဆေးကုသမှုစတင် ခံယူပြီးနောက် 1နှစ် 6လကျော်သော်လည်း ထိခိုက်ဒဏ်ရာနှင့်ဖျားနာမှု မပျောက်သည့်အခါ နောက်တစ်လအတွင်း "ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှု အခြေအနေ နှင့် ပတ်သက်သော အကြောင်းကြားစာ" (ပုံစံအမှတ် 16မှ နံပါတ် 2) ကိုလုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနမှူးထံသို့ တင်ပြရန်လိုအပ်သည်။

# ထိခိုက်နစ်နာမှု (လျော်ကြေး) အစရှိသည့် ခံစားခွင့်

လုပ်ငန်းခွင်အတွင်းနှင့် အလုပ်သွားအလုပ်ပြန်အချိန်အတွင်း ဖြစ်ပွားသောထိခိုက် ဒဏ်ရာ များနှင့် ဖျားနာမှုများ ပျောက်ကင်းသောအခါ ခန္ဓာကိုယ်တွင် ထိခိုက်မှုများ အတိုင်းအတာ တစ်ခုအထိ ကျန်ခဲ့သောအခြေအနေတွင် ထိခိုက်နစ်နာမှုလျော်ကြေး ခံစားခွင့် (လုပ်ငန်းခွင်အတွင်းဖြစ်ပွားသော)၊ လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် ထိခိုက် နစ်နာမှုလျော်ကြေး (တစ်ခုထက်ပိုသော လုပ်ငန်းခွင်တွင် လုပ်ကိုင်ခြင်းကြောင့် ထိခိုက် ဒဏ်ရာ ရခြင်းအတွက်) သို့မဟုတ် ထိခိုက်နစ်နာမှု ခံစားခွင့် (အလုပ်သွား အလုပ်ပြန်ချိန်တွင် ဖြစ်ပွားသော)ကို ထောက်ပံ့ကြေးရရှိမည်။

## ခံစားခွင့်အကြောင်းအရာ

ကျန်ရှိနေသေးသော ထိခိုက်မှုများသည် ထိခိုက်နစ်နာမှု အဆင့်ဇယားတွင် ဖော်ပြသော ထိခိုက်နစ်နာမှုအဆင့်နှင့် ကိုက်ညီလျှင် ထိုထိခိုက်နစ်နာမှု အခြေအနေကို လိုက်၍ အသီးသီး အောက်ဖော်ပြပါအတိုင်း ထောက်ပံ့ပေးမည်။

- ထိခိုက်နစ်နာမှုအဆင့်၁မှ အဆင့်၇နှင့်ကိုက်ညီသောအခါ
  ထိခိုက်နစ်နာမှု(လျော်ကြေး ) အစရှိသည့် ပင်စင်ထိခိုက်နစ်နာမှုအထူးထောက်ပံ့ငွေနှင့် ထိခိုက်နစ်နာမှု အထူးပင်စင်ငွေ
- ထိခိုက်နစ်နာမှုအဆင့်၈မှ အဆင့်၁၄နှင့် ကိုက်ညီသောအခါ
  ထိခိုက်နစ်နာမှု (လျော်ကြေး) အစရှိသည့် တလုံးတခဲတည်းပေးငွေ၊ ထိခိုက်နစ်နာမှု အထူးထောက်ပံ့ငွေ နှင့် ထိခိုက်နစ်နာမှု အထူးတလုံးတခဲတည်းပေးငွေ

| ထိခိုက်နစ်နာမှု အဆင့် | ထိခိုက်နစ်နာမှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ | | ထိခိုက်အနစ်နာမှုအထူး ထောက်ပံ့ငွေ (*) | | ထိခိုက်နစ်နာမှုအထူးပင်စင်ငွေ | | ထိခိုက်နစ်နာမှုအထူးတလုံးတခဲတည်းပေးငွေ | |
|---|---|---|---|---|---|---|---|---|
| အဆင့်1 | ပင်စင်ငွေ | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏313ရက်စာ | တလုံးတခဲ တည်းပေးငွေ | 3,420,000 ယန်း | ပင်စင်ငွေ | အခြေခံနေ့တွက်စရိတ်၏313ရက်စာ | | |
| အဆင့်2 | 〃 | 277 〃 | 〃 | 3,200,000 ယန်း | 〃 | 277 〃 | | |
| အဆင့်3 | 〃 | 245 〃 | 〃 | 3,000,000 ယန်း | 〃 | 245 〃 | | |
| အဆင့်4 | 〃 | 213 〃 | 〃 | 2,640,000 ယန်း | 〃 | 213 〃 | | |
| အဆင့်5 | 〃 | 184 〃 | 〃 | 2,250,000 ယန်း | 〃 | 184 〃 | | |
| အဆင့်6 | 〃 | 156 〃 | 〃 | 1,920,000 ယန်း | 〃 | 156 〃 | | |
| အဆင့်7 | 〃 | 131 〃 | 〃 | 1,590,000 ယန်း | 〃 | 131 〃 | | |
| အဆင့်8 | တလုံးတခဲ တည်းပေးငွေ | 503 〃 | 〃 | 650,000 ယန်း | | | တလုံးတခဲ တည်းပေးငွေ | အခြေခံနေ့တွက်စရိတ်၏503ရက်စာ |
| အဆင့်9 | 〃 | 391 〃 | 〃 | 500,000 ယန်း | | | 〃 | 391 〃 |
| အဆင့်10 | 〃 | 302 〃 | 〃 | 390,000 ယန်း | | | 〃 | 302 〃 |
| အဆင့်11 | 〃 | 223 〃 | 〃 | 290,000 ယန်း | | | 〃 | 223 〃 |
| အဆင့်12 | 〃 | 156 〃 | 〃 | 200,000 ယန်း | | | 〃 | 156 〃 |
| အဆင့်13 | 〃 | 101 〃 | 〃 | 140,000 ယန်း | | | 〃 | 101 〃 |
| အဆင့်14 | 〃 | 56 〃 | 〃 | 80,000 ယန်း | | | 〃 | 56 〃 |

*တူညီတဲ့ထိခိုက်နစ်နာမှုကြောင့် ထိခိုက်နစ်နာမှု အထူးထောက်ပံ့ငွေကို ရယူထား ပါက ထိုငွေကို နှုတ်ယူမည်။
*ထိခိုက်နစ်နာမှုအဆင့် အဆင့် ၁ပုဂ္ဂိုလ် သို့မဟုတ် အဆင့်၂ရှိ ရင်ဘတ်နှင့် ဝမ်းဗိုက်အတွင်းရှိ အင်္ဂါများ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိသူများသည် အမှန်တကယ် ပြုစုစောင့်ရှောက်မှု ခံယူနေသော အခြေအနေဖြစ်ပါက ပြုစုစောင့်ရှောက်မှု (လျော်ကြေး) အစရှိသည့် ခံစားခွင့်ကို ရရှိနိုင်သည်။ (→ P33)

## လျှောက်တင်ပုံအဆင့်ဆင့်

လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဌာနမှူးဆီသို့ "ထိခိုက်နစ်နာကြေး လျော်ကြေးခံစားခွင့် လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် ထိခိုက်နစ်နာမှုလျော်ကြေး လျှောက်လွှာ"(ပုံစံအမှတ်၁၀) သို့မဟုတ် "ထိခိုက်နစ်နာမှု အကျိုးခံစားခွင့်လျှောက်လွှာ "(ပုံစံအမှတ်၁၆-၇)ကိုတင်ပါ။

### သတ်မှတ်ချိန်ကာလကျော်လွန်မှု

ထိခိုက်နစ်နာကြေး (လျော်ကြေး) အစရှိသည့် ခံစားခွင့်သည် ဒဏ်ရာ၊ နာမကျန်းမှုများ ပျောက်ကင်းသောနေ့၏ နောက်တစ်နေ့မှစ၍ ၅နှစ်ကျော်လွန်လျှင် သတ်မှတ်ချိန် ကာလကျော်လွန်မှုဖြင့် လျှောက်တင်ခွင့် ပျယ်ပြက်မှာဖြစ်သောကြောင့်သတိပြုပါ။

# ထိခိုက်နစ်နာမှု အဆင့်ဇယား

## အလုပ်သမားထိခိုက်နစ်နာမှုလျော်ကြေးအာမခံဥပဒေစည်းမျဉ်း ပူးတွဲပါဇယား အမှတ် 1 ထိခိုက်နစ်နာမှုအဆင့်ဇယား

| ထိခိုက်နစ်နာမှုအဆင့် | ခံစားခွင့်အကြောင်းအရာ | ကိုယ်ခန္ဓာ ထိခိုက်နစ်နာခြင်း |
|---|---|---|
| အဆင့်1 | အဆိုပါ ထိခိုက်နစ်နာမှု ဖြစ်နေစဉ် တစ်နှစ်တွင် အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ 313 ရက်စာ | 1 မျက်လုံးနှစ်ဖက် ဆုံးရှုံးခြင်း<br>2 ဘာသာစကားစွမ်းရည် ပျက်စီးဆုံးရှုံးခြင်း<br>3 အာရုံကြောစွမ်းရည်နှင့်စိတ်ပိုင်းဆိုင်ရာ အပြင်းအထန်ထိခိုက်ခံစားနေရပြီး အမြဲပြုစုစောင့်ရှောက်မှု လိုအပ်ခြင်း<br>4 ရင်ဘတ်နှင့်ဝမ်းဗိုက်အတွင်းအင်္ဂါများ အပြင်းအထန်ထိခိုက်ပျက်စီးမှုကျန်ပြီး အမြဲပြုစုစောင့်ရှောက်မှု လိုအပ်ခြင်း<br>5 ဖျက်သိမ်းခြင်း<br>6 လက်နစ်ဖက်ကိုတံတောင်ဆစ်နှင့်အထက်ကိုယ်အင်္ဂါ ဆုံးရှုံးခြင်း<br>7 လက်နစ်ဖက်အသုံးပြု၍ မရခြင်း<br>8 ခြေနစ်ဖက်ကို ဒူးဆစ်နှင့်အထက်ကိုယ်အင်္ဂါဆုံးရှုံးခြင်း<br>9 ခြေနစ်ဖက်အသုံးပြု၍ မရခြင်း |
| အဆင့်2 | အဆိုပါ 277 ရက်စာ | 1 မျက်လုံးတစ်ဖက်ဆုံးရှုံးပြီး ကျန်တစ်ဖက်၏ အမြင်အာရုံမှာ 0.02အောက်ရှိခြင်း<br>2 မျက်လုံးနှစ်ဖက်၏ အမြင်အာရုံမှာ 0.02အောက်ရှိခြင်း<br>2-2 အာရုံကြောစွမ်းရည်သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အပြင်းအထန်ထိခိုက်ခံစားမှုကျန်ပြီးအမြဲပြုစုစောင့်ရှောက်မှုလိုအပ်သောသူ<br>2-3 ရင်ဘတ်နှင့် ဝမ်းဗိုက်အတွင်းအင်္ဂါများ အပြင်းအထန်ထိခိုက်ပျက်စီးမှုကျန်ပြီး အမြဲပြုစုစောင့်ရှောက်မှု လိုအပ်သောသူ<br>3 လက်နစ်ဖက်ကို လက်ကောက်ဝတ် နှင့် အထက်ကိုယ်အင်္ဂါဆုံးရှုံးခြင်း<br>4 ခြေနစ်ဖက်ကို ခြေချင်းဝတ်နှင့် အထက် ကိုယ်အင်္ဂါဆုံးရှုံးခြင်း |
| အဆင့်3 | အဆိုပါ 245 ရက်စာ | 1 မျက်လုံးတစ်ဖက်ဆုံးရှုံးပြီး ကျန်တစ်ဖက်၏ အမြင်အာရုံမှာ 0.06အောက်ရှိခြင်း<br>2 ဘာသာစကားစွမ်းရည်ပျက်စီးဆုံးရှုံးခြင်း<br>3 အာရုံကြောစွမ်းရည်နှင့် စိတ်ပိုင်းဆိုင်ရာ အပြင်းအထန် ထိခိုက်ခံစားကာ သေသည်အထိ အလုပ်မလုပ်နိုင်ခြင်း<br>4 ရင်ဘတ်နှင့် ဝမ်းဗိုက်အတွင်း အင်္ဂါများ အပြင်းအထန်ထိခိုက် ပျက်စီးမှုကျန်ပြီး သေသည်အထိ အလုပ်မလုပ်နိုင်ခြင်း<br>5 လက်နစ်ဖက်ရှိ လက်ချောင်းများ အားလုံး ဆုံးရှုံးခြင်း |
| အဆင့်4 | အဆိုပါ 213 ရက်စာ | 1 မျက်လုံးနှစ်ဖက်လုံး၏ အမြင်အာရုံ 0.06အောက်ရခြင်း<br>2 ဘာသာစကားစွမ်းရည်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်တွင် ပြင်းထန်စွာ ထိခိုက်ခြင်း<br>3 နားနှစ်ဖက်အကြားအာရုံ လုံးဝဆုံးရှုံးခြင်း<br>4 လက်တစ်ဖက်ကိုတံတောင်ဆစ်နှင့်အထက် ကိုယ်အင်္ဂါဆုံးရှုံးခြင်း<br>5 ခြေထောက်တစ်ဖက်ကိုဒူးဆစ်နှင့် အထက်ပိုင်းဆုံးရှုံးခြင်း<br>6 လက်နစ်ဖက်ရှိ လက်ချောင်းများ အားလုံးသုံးမရခြင်း<br>7ခြေထောက်နစ်ဖက်ရှိ lisfranc အဆစ်အထက်ကိုယ်အင်္ဂါဆုံးရှုံးခြင်း |
| အဆင့်5 | အဆိုပါ 184 ရက်စာ | 1 မျက်လုံးတစ်ဖက်ဆုံးရှုံးပြီး ကျန်တစ်ဖက်၏ အမြင်အာရုံမှာ 0.1အောက်ရှိခြင်း<br>1-2 အာရုံကြောစွမ်းရည်နှင့် စိတ်ပိုင်းဆိုင်ရာ အပြင်းအထန် ထိခိုက်ခံစား နေရပြီး အထူးသဖြင့် လွယ်ကူပေါ့ပါးသောအလုပ်မှလွဲ၍ မလုပ်နိုင်ခြင်း<br>1-3 ရင်ဘတ်နှင့် ဝမ်းဗိုက်အတွင်း အင်္ဂါများ ထိခိုက်ပျက်စီးပြီး အထူးသဖြင့် လွယ်ကူပေါ့ပါးသော အလုပ်မှလွဲ၍ မလုပ်နိုင်ခြင်း<br>2 လက်တစ်ဖက်ကို လက်ကောက်ဝတ်နှင့်အထက် ကိုယ်အင်္ဂါ ဆုံးရှုံးခြင်း<br>3 ခြေထောက်တစ်ဖက်ကို ခြေချင်းဝတ်နှင့်အထက်ပိုင်း ကိုယ်အင်္ဂါဆုံးရှုံးခြင်း<br>4 လက်တစ်ဖက် လုံးဝ အသုံးမပြုနိုင်ခြင်း<br>5 ခြေထောက်တစ်ဖက် လုံးဝ အသုံးမပြုနိုင်ခြင်း<br>6 ခြေထောက်နစ်ဖက်ရှိ ခြေချောင်းများအားလုံး ဆုံးရှုံးခြင်း |
| အဆင့်6 | အဆိုပါ 156 ရက်စာ | 1 မျက်လုံးနှစ်ဖက်လုံး၏ အမြင်အာရုံ မှာ 0.1 အောက် ရှိခြင်း<br>2 ဘာသာစကားစွမ်းရည်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်တွင် ထိခိုက်ခြင်း<br>3 နားနှစ်ဖက်အကြားအာရုံမှာ နား အနားသို့ မကပ်ပါက အသံကျယ်ကျယ် မကြားနိုင်သော အခြေအနေ ရောက်ခြင်း<br>3-2 နားတစ်ဖက်၏ အကြားအာရုံ လုံးဝပျောက်ဆုံးပြီးကျန်နား တစ်ဖက်၏ အကြားအာရုံမှာ40စင်တီမီတာကျော်အကွာအဝေးတွင် ပုံမှန်စကားပြောသံကို နားမလည်နိုင်သောအခြေအနေ ရောက်ခြင်း |

| ထိခိုက်နစ်နာမှုအဆင့် | ခံစားခွင့် အကြောင်းအရာ | ကိုယ်ခန္ဓာ ထိခိုက်နစ်နာခြင်း |
|---|---|---|
| | | 4 ကျောရိုးတွင် ပြင်းထန်သော ပြောင်းလဲမှု သို့မဟုတ် လှုပ်ရှားမှု ထိခိုက်နစ်နာမှုကျန်ခြင်း<br>5 လက်တစ်ဖက်၏ လက်အဆစ်ပိုင်း သုံးမျိုးအနက် အဆစ်နှစ်ခု အသုံးမပြုနိုင်ခြင်း<br>6 ခြေတစ်ဖက်၏ ခြေအဆစ်ပိုင်း သုံးမျိုးအနက် အဆစ်နှစ်ခု အသုံးမပြုနိုင်ခြင်း<br>7 လက်ချောင်း5ချောင်း သို့မဟုတ် လက်မအပါအဝင် လက်ချောင်း 4ချောင်း ဆုံးရှုံးခြင်း |
| အဆင့် 7 | အဆိုပါ 131 ရက်စာ | 1 မျက်လုံးတစ်ဖက်ဆုံးရှုံးပြီး ကျန်တစ်ဖက်၏ အမြင်အာရုံမှာ 0.6အောက်ရှိခြင်း<br>2 နားနှစ်ဖက်လုံး၏ အကြားအာရုံမှာ 40စင်တီမီတာကျော်အကွာ အဝေးတွင်ပုံမှန်စကားပြောသံကို နားမလည်နိုင်သောအခြေအနေ ရောက်ခြင်း<br>2-2 နားတစ်ဖက်၏ အကြားအာရုံ လုံးဝဆုံးရှုံးပြီး ကျန်နားတစ်ဖက်၏ အကြားအာရုံမှာ 1မီတာကျော် အကွာအဝေးတွင်ပုံမှန်စကားပြော သံကို နားမလည်နိုင်သော အခြေအနေရောက်ခြင်း<br>3 အာရုံကြောစွမ်းရည်သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှု ကျန်ပြီးပေါ့ပါးသောအလုပ်မှလွဲ၍ မလုပ်နိုင်ခြင်း<br>4 ဖျက်သိမ်းခြင်း<br>5 ရင်ဘတ်နှင့်ဝမ်းဗိုက်အတွင်း အင်္ဂါများ ထိခိုက်ပျက်စီးမှုကျန်ပြီး လွယ်ကူပေါ့ပါးသောအလုပ်မှလွဲ၍ မလုပ်နိုင်ခြင်း<br>6 လက်တစ်ဖက်၏ လက်မအပါအဝင် လက်ချောင်း 3ချောင်း သို့မဟုတ် လက်မမှလွဲ၍ ကျန်လက်ချောင်း 4ချောင်း ဆုံးရှုံးခြင်း<br>7 လက်တစ်ဖက်၏ လက်ချောင်း5ချောင်း သို့မဟုတ် လက်မအပါအဝင်လက်ချောင်း 4ချောင်း အသုံးမပြုနိုင်ခြင်း<br>8 ခြေထောက်တစ်ဖက်ရှိ lisfranc အဆစ်အထက်ကိုယ်အင်္ဂါ ဆုံးရှုံးခြင်း<br>9 လက်တစ်ဖက်တွင် အဆစ်တု ကျန်ပြီး ပြင်းထန်သော လှုပ်ရှားမှု ထိခိုက်နစ်နာမှုကျန်ခြင်း<br>10 ခြေထောက်တစ်ဖက်တွင် အဆစ်တုကျန်ပြီး ပြင်းထန်သော လှုပ်ရှားမှု ထိခိုက်နစ်နာမှု ကျန်ခြင်း<br>11 ခြေထောက်နှစ်ဖက်လုံး၏ ခြေချောင်းများအားလုံးအသုံး မပြုနိုင်ခြင်း<br>12 အပြင်ပန်းပုံစံ အကျည်းတန် သွားခြင်း<br>13 ဝှေးစေ့နှစ်လုံးဆုံးရှုံးခြင်း |

| ထိခိုက်နစ်နာမှုအဆင့် | ခံစားခွင့် အကြောင်းအရာ | ကိုယ်ခန္ဓာ ထိခိုက်နစ်နာခြင်း |
|---|---|---|
| အဆင့် 8 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ 503 ရက်စာ | 1 မျက်လုံးတစ်ဖက် ဆုံးရှုံးခြင်း သို့မဟုတ် မျက်လုံး တစ်ဖက်၏ အမြင်အာရုံမှာ 0.02 အောက် ရောက်ခြင်း<br>2 ကျောရိုးတွင်လှုပ်ရှားမှုထိခိုက် နစ်နာမှုကျန်ခြင်း<br>3 လက်တစ်ဖက်ရှိလက်မအပါအဝင် လက်ချောင်း 2ချောင်းသို့မဟုတ် လက်မမှလွဲ၍ အခြားလက်ချောင်း 3ချောင်း ဆုံးရှုံးခြင်း<br>4 လက်တစ်ဖက်ရှိလက်မအပါအဝင် လက်ချောင်း 3ချောင်း သို့မဟုတ် လက်မမှလွဲ၍ အခြား လက်ချောင်း 4ချောင်း အသုံးမပြုနိုင်ခြင်း<br>5 ခြေထောက်တစ်ဖက်ကို 5စင်တီမီတာနှင့်အထက် တိုခြင်း<br>6 လက်တစ်ဖက်၏ အဆစ်3ပိုင်း ထဲတွင် အဆစ်တစ်ပိုင်း အသုံးမပြုနိုင်ခြင်း<br>7 ခြေထောက်တစ်ဖက်၏အဆစ်3 ပိုင်းထဲတွင် အဆစ် တစ်ပိုင်း အသုံးမပြုနိုင်ခြင်း<br>8 လက်တစ်ဖက်တွင် အဆစ်တု ကျန်ခြင်း<br>9 ခြေထောက်တစ်ဖက်တွင် အဆစ်တု ကျန်ခြင်း<br>10 ခြေထောက်တစ်ဖက်ရှိ ခြေချောင်းများအားလုံး ဆုံးရှုံးခြင်း |
| အဆင့် 9 | အဆိုပါ 391 ရက်စာ | 1 မျက်လုံးနှစ်ဖက်၏အမြင်အာရုံမှာ 0.6အောက်ရှိခြင်း<br>2 မျက်လုံးတစ်ဖက်၏အမြင်အာရုံမှာ 0.06အောက်ရှိခြင်း<br>3 မျက်လုံးနှစ်ဖက်တွင် အမြင်အာရုံ တစ်ခြမ်းကွယ်သော လက္ခဏာ၊ မြင်ကွင်းကျဉ်းခြင်း သို့မဟုတ်မြင်ကွင်း ပြောင်းလဲမှုများကျန်ခြင်း<br>4 မျက်လုံးနှစ်ဖက်လုံး၏ မျက်ခွံတွင် ပြင်းထန်သော ထိခိုက်ဒဏ်ရာရခြင်း<br>5 နှာခေါင်းတွင် ထိခိုက်ဒဏ်ရာရပြီး အနံ့အာရုံမခံနိုင်ခြင်း<br>6 ဘာသာစကားစွမ်းရည် လုပ်ဆောင်ချက် ပျက်စီးဆုံးရှုံးခြင်း<br>6-2 နားနှစ်ဖက်အကြားအာရုံမှာ 1မီတာကျော် အကွာအဝေးတွင် ပုံမှန်စကားပြောသံကို နားမလည် နိုင်သော အခြေအနေရှိခြင်း<br>6-3 နားတစ်ဖက်၏ အကြားအာရုံမှာ နား အနားသို့ မကပ်ပါက အသံကျယ်ကျယ်ကိုနားမ လည်နိုင်သောအခြေအနေရှိပြီး ကျန်နားတစ်ဖက်၏အကြားအာရုံမှာ 1မီတာကျော်အကွာအဝေးတွင်ပုံမှန်စကား ပြောသံကိုနားလည်နိုင်ရန် ခက်ခဲသော အခြေအနေရှိခြင်း<br>7 နားတစ်ဖက်၏အကြားအာရုံ လုံးဝဆုံးရှုံးခြင်း<br>7-2 အကြားအာရုံစနစ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဝေဒနာခံစားရပြီး လုပ်နိုင်သောအလုပ်ကို သင့်တော်သော အခြေအနေတစ်ခုတွင် ကန့်သတ်ထားခံရခြင်း |

| ထိခိုက်နစ်နာမှုအဆင့် | ခံစားခွင့် အကြောင်းအရာ | ကိုယ်ခန္ဓာထိခိုက်နစ်နာခြင်း |
|---|---|---|
| | | 7-3 ရင်ဘတ်၊ဝမ်းဗိုက်အတွင်းရှိ ကိုယ်တွင်းအင်္ဂါများ၏လုပဆော ၁င်ချက်များပျက်စီးဆုံးရှုံးပြီး လုပ်နိုင်သောအလုပ်ကို သင့်တော်သောအခြေအနေ တစ်ခုကန့်သတ်ထားခံရခြင်း<br>8 လက်တစ်ဖက်၏ လက်မ သို့မဟုတ် လက်မမှအပ အခြားလက်ချောင်း2ချောင်း ဆုံးရှုံးခြင်း<br>9 လက်တစ်ဖက်၏လက်မ အပါအဝင် လက်ချောင်း 2ချောင်း သို့မဟုတ် လက်မမှ အပအခြားလက်ချောင်း 3ချောင်း အသုံးမပြုနိုင်ခြင်း<br>10 ခြေထောက်တစ်ဖက်၏ ခြေမအပါအဝင် ခြေချောင်း 2ချောင်းနှင့်အထက် ဆုံးရှုံးသူ<br>11 ခြေထောက်တစ်ဖက်၏ ခြေချောင်းများအားလုံး အသုံးမပြုနိုင်ခြင်း<br>11-2 အပြင်ပန်းပုံစံမှာ အတိုင်းအတာ တစ်ခုထိ အကျည်းတန်သော အခြေအနေရှိခြင်း<br>12 လိင်အင်္ဂါတွင်ပြင်းထန်သော ထိခိုက်ဝေဒနာ ခံစားရခြင်း |
| အဆင့် 10 | အဆိုပါ 302 ရက်စာ | 1 မျက်လုံးတစ်ဖက်၏ အမြင်အာရုံမှာ 0.1အောက်ရှိခြင်း<br>1-2 အရှေ့မြင်ကွင်းအာရုံ ဝေဝါးခြင်း<br>2 ဘာသာစကားစွမ်းရည် လုပ်ဆောင်ချက် ပျက်စီးဆုံးရှုံးခြင်း<br>3 သွား14ချောင်းနှင့်အထက် သွားတုတပ်ခြင်း<br>3-2 နားနှစ်ဖက်လုံး၏ အကြား အာရုံမှာ1မီတာကျော် အကွာအဝေး တွင် ပုံမှန်စကားပြောသံကို နားလည်နိုင်ရန် ခက်ခဲသော အခြေအနေရှိခြင်း<br>4 နားတစ်ဖက်၏ အကြားအာရုံမှာ နား အနားသို့ မကပ်ပါက အသံကျယ်လျှင်နားမလည်နိုင်သော အခြေအနေရှိခြင်း<br>5 ဖျက်သိမ်းခြင်း<br>6 လက်တစ်ဖက်၏ လက်မအပါအဝင် သို့မဟုတ် လက်မမှအပလက်ချောင်း 2ချောင်းအသုံးမပြုနိုင်ခြင်း<br>7 ခြေတစ်ဖက်ကို 3စင်တီမီတာ နှင့်အထက်တိုခြင်း<br>8 ခြေထောက်တစ်ဖက်၏ ခြေမ သို့မဟုတ်အခြား ခြေချောင်း 4ချောင်း ဆုံးရှုံးခြင်း<br>9 လက်တစ်ဖက်ရှိ အဆစ်3ပိုင်း ထဲတွင် အဆစ်တစ်ပိုင်း၏ လုပ်ဆောင်ချက် ပျက်စီးခြင်း<br>10 ခြေထောက်တစ်ဖက်ရှိအဆစ် 3ပိုင်းထဲတွင် အဆစ် တစ်ပိုင်း၏ လုပ်ဆောင်ချက် ပျက်စီးခြင်း |
| အဆင့် 11 | အဆိုပါ 223 ရက်စာ | 1 မျက်လုံးနှစ်ဖက်၏ မျက်ဆံတွင် ထိန်းညှိပေးသော လုပ်ဆောင်ချက် ထိခိုက်ခြင်း သို့မဟုတ်မလှုပ်ရှား နိုင်ခြင်း<br>2 မျက်လုံးနှစ်ဖက်၏ မျက်ခွံ မလှုပ်ရှားနိုင်ခြင်း<br>3 မျက်လုံးတစ်ဖက်၏ မျက်ခွံတွင် ထိခိုက်ဆုံးရှုံးခြင်း<br>3-2 သွား10ချောင်းနှင့်အထက် သွားတုတပ်ဆင်ခြင်း<br>3-3နားနှစ်ဖက်အကြားအာရုံမှာ 1မီတာကျော် အကွာအဝေးတွင် အသံတိုးတိုးကိုနားမလည်နိုင် သောအခြေအနေရှိခြင်း<br>4 နားတစ်ဖက်အကြားအာရုံမှာ 40စင်တီမီတာကျော် အကွာအဝေးတွင်ပုံမှန်စကားပြောသံ ကို နားမလည်နိုင်သော အခြေအနေရှိခြင်း<br>5 ကျောရိုးတွင် ပုံစံပြောင်းလဲမှုများ ရှိခြင်း<br>6 လက်တစ်ဖက်၏ လက်ညှိုး၊ လက်ခလယ် သို့မဟုတ် လက်သူကြွယ် ဆုံးရှုံးခြင်း<br>7 ဖျက်သိမ်းခြင်း<br>8 ခြေထောက်တစ်ဖက်၏ ခြေညှိုးအပါအဝင် ခြေချောင်း 2ချောင်း အသုံးမပြုနိုင်ခြင်း<br>9 ရင်ဘတ်၊ဝမ်းဗိုက်အတွင်း အင်္ဂါများ၏ လုပ်ဆောင်ချက်များ ထိခိုက်ပျက်စီးပြီးအလုပ်ပြီး မြောက်ရန် အတိုင်းအတာ တစ်ခုထိ အဟန့်အတားရှိခြင်း |
| အဆင့် 12 | အဆိုပါ 156 ရက်စာ | 1 မျက်လုံးတစ်ဖက်၏ မျက်ဆံတွင် ထိန်းညှိပေးသောလုပ်ဆောင် ချက်ထိခိုက်ခြင်း သို့မဟုတ် မလှုပ်ရှားနိုင်ခြင်း<br>2 မျက်လုံးတစ်ဖက်၏ မျက်ခွံ မလှုပ်ရှားနိုင်ခြင်း<br>3 သွား 7ချောင်းနှင့်အထက် သွားတုတပ်ဆင်ခြင်း<br>4 နားတစ်ဖက်၏ နားရွက်တွင် ကြီးကြီးမားမားထိခိုက် ပျက်စီးခြင်း<br>5 ညှပ်ရိုး၊ ရင်ညွန့်ရိုး၊ နံရိုး၊ လက်ပြင်ရိုးနှင့် တင်ပါး<br>6 လက်တစ်ဖက်၏အဆစ်3ပိုင်း ထဲတွင်အဆစ်1ပိုင်း၏ လုပ်ဆောင်ချက်များထိခိုက်ခြင်း<br>7 ခြေထောက်တစ်ဖက်၏ အဆစ်3ပိုင်းထဲတွင် အဆစ်1ပိုင်း၏လုပ်ဆောင် ချက်များထိခိုက်ခြင်း<br>8 ပေါင်ရိုး ပုံစံပြောင်းလဲခြင်း<br>8-2 လက်တစ်ဖက်၏ လက်သန်း ဆုံးရှုံးခြင်း<br>9 လက်တစ်ဖက်၏ လက်ညှိုး၊ လက်ခလယ်နှင့် လက်သူကြွယ် အသုံးမပြုနိုင်ခြင်း<br>10 ခြေထောက်တစ်ဖက်၏ ခြေညှိုးဆုံးရှုံးခြင်း၊ ခြေညှိုး အပါအဝင် ခြေချောင်း2ချောင်း ဆုံးရှုံးခြင်းနှင့် ခြေခလယ် မှအပ အခြား ခြေချောင်း3ချောင်း ဆုံးရှုံးခြင်း<br>11 ခြေထောက်တစ်ဖက်၏ ခြေမနှင့် အခြားခြေချောင်း 4ချောင်း အသုံးမပြုနိုင်ခြင်း |

| ထိခိုက်နစ်နာမှုအဆင့် | ခံစားခွင့်အကြောင်းအရာ | ကိုယ်ခန္ဓာ ထိခိုက်နစ်နာခြင်း |
|---|---|---|
| | | 12 တစ်နေရာရာတွင်အာရုံကြောနှင့်ဆိုင်သော ရောဂါလက္ခဏာ ပြခြင်း<br>13 ဖျက်သိမ်းခြင်း<br>14 အပြင်ပန်းပုံစံ အကျည်းတန်ခြင်း |
| အဆင့် 13 | အဆိုပါ 101 ရက်စာ | 1 မျက်လုံးတစ်ဖက်၏ အမြင်အာရုံမှာ 0.6ရှိခြင်း<br>2 မျက်လုံးတစ်ဖက် အမြင်အာရုံ တစ်ခြမ်းကွယ်သော လက္ခဏာ၊ မြင်ကွင်းကျဉ်းခြင်း သို့မဟုတ် မြင်ကွင်း ပြောင်းလဲမှုများ ရှိခြင်း<br>2-2 အရှေ့မြင်ကွင်းအာရုံ ဝေဝါးခြင်း<br>3 မျက်လုံးနှစ်ဖက်လုံး၏မျက်ခွံတစ်စိတ်တစ်ပိုင်း ထိခိုက်ဆုံးရှုံးခြင်း သို့မဟုတ်မျက်တောင် မွေးကျွတ်ခြင်း<br>3-2 သွား5ချောင်းနှင့်အထက် သွားတု တပ်ဆင်ခြင်း<br>3-3 ရင်ဘတ်၊ဝမ်းဗိုက်အတွင်း အင်္ဂါများ၏ လုပ်ဆောင်ချက်များ ထိခိုက်ပျက်စီးခြင်း<br>4 လက်တစ်ဖက်၏လက်သန်းအသုံးမပြုနိုင်ခြင်း<br>5 လက်တစ်ဖက်၏ လက်မအဆစ် တစိတ်တပိုင်း ဆုံးရှုံးခြင်း<br>6 ဖျက်သိမ်းခြင်း<br>7 ဖျက်သိမ်းခြင်း<br>8 ခြေထောက်တစ်ဖက်ကို1စင်တီမီတာနှင့် အထက် တိုခြင်း<br>9 ခြေထောက်တစ်ဖက်၏ခြေချောင်း 3ချောင်းနှင့်အောက် 1ချောင်း သို့မဟုတ် 2ချောင်း ဆုံးရှုံးခြင်း<br>10 ခြေထောက်တစ်ဖက်၏ ခြေညှိုး အသုံးမပြုနိုင်ခြင်း၊ခြေညှိုး အပါအဝင် ခြေချောင်း2ချောင်း သို့မဟုတ် ခြေခလယ်အပါအဝင်ခြေချောင်း 3ချောင်း အသုံးမပြုနိုင်ခြင်း |
| အဆင့် 14 | အဆိုပါ 56 ရက်စာ | 1 မျက်လုံးတစ်ဖက်၏မျက်ခွံ တစ်စိတ်တစ်ပိုင်းထိခိုက် ဆုံးရှုံးခြင်း သို့မဟုတ် မျက်တောင်ကျွတ်ခြင်း<br>2 သွား3ချောင်းနှင့်အထက် သွားတုတပ်ခြင်း<br>2-2 နားတစ်ဖက်၏အကြားအာရုံမှာ 1မီတာကျော် အကွာအဝေးတွင် အသံတိုးတိုးများကိုနားမလည် နိုင်သောအခြေအနေဖြစ်ခြင်း<br>3 လက်တစ်ဖက်ရှိ လက်ဖဝါးတွင် အကျည်းတန်သောအမာရွတ ် အကြီးကြီး ကျန်ရှိခြင်း<br>4 ခြေထောက်တစ်ဖက်ရှိခြေဖဝါးတွင် အကျည်းတန်သောအမာရွတ် အကြီးကြီး ကျန်ရှိခြင်း<br>5 ဖျက်သိမ်းခြင်း<br>6 လက်တစ်ဖက်၏ လက်မမှအပ လက်ညှိုးအရိုး တစိတ်တပိုင်း ဆုံးရှုံးခြင်း<br>7 လက်တစ်ဖက်၏ လက်မမှအပ လက်ညှိုး၏ ပထမ အဆစ်ကို အကွေးအဆန့် မလုပ်နိုင်ခြင်း<br>8 ခြေထောက်တစ်ဖက်၏ ခြေခလယ်နှင့် ခြေချောင်း 1ချောင်း သို့မဟုတ် 2ချောင်းအသုံးပြု၍ မရခြင်း<br>9 တစ်နေရာရာမှ အာရုံကြော ရောဂါလက္ခဏာပြခြင်း<br>10 ဖျက်သိမ်းခြင်း |

## သတိပြုရန်

1 အမြင်အာရုံသတ်မှတ်ခြင်းကို အပြည်ပြည်ဆိုင်ရာသုံး အမြင်အာရုံစမ်းသပ်ဇယားဖြစ်သည်။ မျက်စိအလင်းယိုင်ခြင်းရှိမရှိနှင့် ပတ်သက်ပြီး မြင်ကွင်းမှန်ကန်မှုနှင့်ပတ်သက်ကာတိုင်းတာသည်။

2 လက်ချောင်းဆုံးရှုံးခြင်းဆိုသည်မှာ လက်မသည် ပထမ လက်အဆစ်၊ ကျန်လက်ချောင်းများသည် ဒုတိယလက် အဆစ်နှင့် အထက်ပိုင်း ဆုံးရှုံးခြင်းကိုဆိုလိုသည်။

3 လက်ညှိုးအသုံးမပြုနိုင်ခြင်းဆိုသည်မှာ လက်ညှိုး၏ ပထမ အဆစ်ရိုး တစ်ဝက်ကျော်ဆုံးရှုံးခြင်း သို့မဟုတ် လက်ဖဝါး၏ အလယ်အဆစ် သို့မဟုတ် လက်ချောင်း၏ ဒုတိယအဆစ် (လက်မရှိ လက်အဆစ်ချောင်း)တွင် လှုပ်ရှား၍မရခြင်းကို ဆိုလိုသည်။

4 ခြေချောင်းဆုံးရှုံးခြင်းဆိုသည်မှာ ခြေချောင်းအားလုံးဆုံးရှုံးခြင်းကိုဆိုလိုသည်။

5 ခြေချောင်းအသုံးမပြုနိုင်ခြင်းဆိုသည်မှာ ခြေညှိုးသည်ပထမအဆစ်ရိုးတစ်ဝက်ကျော်၊ ကျန်ခြေချောင်းများသည်ပထမအဆစ်နှင့်အထက် ဆုံးရှုံးခြင်း သို့မဟုတ် လက်ဖဝါး၏ အလယ်အဆစ် သို့မဟုတ် ဒုတိယလက်အဆစ်(ခြေညှိုးရှိခြေအဆစ်ချောင်း)တွင်ပြင်းထန်သောလှုပ်ရှားမှု ထိခိုက်နစ်နာခြင်း ကျန်ရှိခြင်းကိုဆိုလိုသည်။

# ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ ကြိုတင်တလုံးတခဲတည်းပေးငွေ

1 ကြိမ်သာလျှင် ထိခိုက်နစ်နာကြေး(လျော်ကြေး)ပင်စင်ငွေ ကြိုတင်ပေးငွေကိုလက်ခံရရှိနိုင်သည်။

## ခံစားခွင့် အကြောင်းအရာ

ကြိုတင်တလုံးတခဲတည်းပေးငွေပမာဏသည် ထိခိုက်နစ်နာမှုအဆင့်ပေါ်မူတည်ပြီး သတ်မှတ်ထားသော ပမာဏထဲမှ ဆန္ဒရှိသည်ကို ရွေးချယ်နိုင်သည်။
ကြိုတင်တလုံးတခဲတည်းပေးငွေကို ရရှိလျှင် လအသီးသီး၏ (1နှစ်ကျော်နောက်ပိုင်းသည် 5နှစ်စာကို ပြဌာန်းထားသော အတိုးနှုန်းဖြင့်နှုတ်ယူထားသောပမာဏ)စုစုပေါင်းပမာဏမှာ ကြိုတင်တလုံးတခဲတည်းပေးငွေ ပမာဏသို့ရောက်သည်အထိ ကာလကြားတွင် ထိခိုက်နစ်နာကြေး (လျော်ကြေး) အစရှိသည့် ပင်စင်ငွေကို ရပ်ဆဲထားမည်ဖြစ်သည်။

| ထိခိုက်နစ်နာမှု အဆင့် | ကြိုတင်တလုံးတခဲတည်းပေးငွေပမာဏ |
|---|---|
| အဆင့်1 | အခြေခံနေ့တွက်ခံစားခွင့် ရက်200စာ၊ရက်400စာ၊ ရက်600စာ၊ ရက်800စာ၊ ရက်1000စာ၊ရက်1200စာ၊ ပမာဏ၏ရက်1340စာ |
| အဆင့်2 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ ရက်200စာ၊ရက်400စာ၊ ရက်600စာ၊ ရက်800စာ၊ ရက်1000စာ၊ရက်1190စာ |
| အဆင့်3 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ ရက်200စာ၊ရက်400စာ၊ ရက်600စာ၊ ရက်800စာ၊ ရက်1000စာ၊ရက်1050စာ |
| အဆင့်4 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ ရက်200စာ၊ရက်400စာ၊ ရက်600စာ၊ ရက်800စာ၊ ရက်920စာ |
| အဆင့်5 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ ရက်200စာ၊ရက်400စာ၊ ရက်600စာ၊ ရက်790စာ |
| အဆင့်6 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ ရက်200စာ၊ရက်400စာ၊ ရက်600စာ၊ ရက်670စာ |
| အဆင့်7 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ ရက်200စာ၊ရက်400စာ၊ ရက်560စာ |

## လျှောက်တင်ပုံအဆင့်ဆင့်

စည်းမျဉ်းစည်းကမ်းအနေဖြင့် ထိခိုက်နစ်နာကြေး(လျော်ကြေး)ခံစားခွင့်လျှောက်ထားသည်နှင့် တစ်ပြိုင်နက် "ထိခိုက်နစ်နာကြေးလျော်ကြေးအစရှိသည့် ပင်စင်ငွေ၊ လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် ထိခိုက်နစ်နာကြေးပင်စင်၊ ထိခိုက်နစ်နာကြေးပင်စင်ငွေ ကြိုတင်တလုံးတခဲတည်း ပေးငွေလျှောက်လွှာ" (ပင်စင်ငွေလျှောက်လွှာပုံစံအမှတ်10) က လုပ်ငန်းခွင်စံချိန် စံညွှန်း ကြီးကြပ်ရေးဌာနမှူးဆီသို့တင်ပြပေးပါ။
သို့သော် ပင်စင်ခံစားခွင့်ရရှိကြောင်းအကြောင်းကြားသည့်နောက်နေ့မှစ၍ 1နှစ်အတွင်းဖြစ်ပါက ထိခိုက်နစ်နာကြေး အစရှိသည့် ပင်စင်ငွေကို လက်ခံပြီးသည့်နောက်တွင်လည်း လျှောက်ထား နိုင်သည်။ ထိုအခြေအနေတွင်ထိခိုက်နစ်နာမှု အဆင့်အသီးသီးနှင့်ကိုက်ညီသော အမြင့်ဆုံးသတ်မှတ်ပမာဏ မှစ၍ ရရှိထားသောပင်စင်ငွေပမာဏ ဖုတ်ရသည့်ပမာဏအတွင်းတွင် တောင်းဆိုရမည်။

### သတ်မှတ်ကာလ ကျော်လွန်ခြင်း

ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ ကြိုတင် တလုံးတခဲတည်းပေးငွေသည် ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုများ ပျောက်ကင်းသည့် နောက်ရက်မှစ၍ 2နှစ်ကျော်လျှင် သတ်မှတ်ကာလကျော်လွန်ကာ တောင်းဆိုခွင့်ပျက်ပြယ် မည်ဖြစ်သောကြောင့် သတိပြုပါ။

# ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့် ပင်စင်ငွေနှုတ်ယူထားသောတလုံးတခဲတည်းပေးငွေ

ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ  လက်ခံထားသူသေဆုံးသောအခါ ထောက်ပံ့ ပေးထားပြီးသောထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့် ပင်စင်ငွေနှင့် ထိခိုက်နစ်နာကြေး (လျော်ကြေး) အစရှိသည့်ပင်စင်ငွေ ကြိုတင်တလုံးတခဲတည်းပေးငွေ စုစုပေါင်းကို ထိခိုက်နစ်နာမှု အဆင့်ပေါ်မူတည်၍ သတ်မှတ်ထားသော ပမာဏ မပြည့်သောအခြေအနေတွင် ဆွေမျိုးသားချင်းများအား ထိခိုက်နစ်နာကြေး (လျော်ကြေး) အစရှိသည့်ပင်စင်ငွေ နှုတ်ယူထားသော တလုံးတခဲတည်းပေးငွေကို ထောက်ပံ့မည်ဖြစ်သည်။

## ခံစားခွင့်အကြောင်းအရာ

ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ နှုတ်ယူထားသော တလုံးတခဲတည်း ပေးငွေသည် ထိခိုက်နစ်နာမှုအဆင့်ပေါ်မူတည်၍ သတ်မှတ်ထားသောပမာဏမှ လက်ခံပြီးထားသော ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ ကြိုတင်တလုံးတခဲတည်းပေးငွေ စုစုပေါင်းပမာဏကိုနှုတ်ယူထားသောပမာဏဖြစ်သည်။
ထိခိုက်နစ်နာမှု အထူးပင်စင်ငွေနှင့်ပတ်သက်၍လည်း ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့် ပင်စင်ငွေနှင့်တူညီစွာ နှုတ်ယူထားသောတလုံးတခဲတည်းပေးငွေခံစားခွင့်စနစ်ရှိသည်။

| ထိခိုက်ဒဏ်ရာရမှုအဆင့် | ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ ကွာခြားချက်တလုံးတခဲတည်းပေးငွေ | | ထိခိုက်နစ်နာကြေးအထူးပင်စင်ငွေနှုတ်ယူထားသော ထောက်ပံ့ကြေး | |
|---|---|---|---|---|
| အဆင့်1 | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ × | 1,340 ရက်စာ | အခြေခံနေ့တွက်စရိတ် × | 1,340 ရက်စာ |
| အဆင့်2 | 〃 | 1,190 ရက်စာ | 〃 | 1,190 ရက်စာ |
| အဆင့်3 | 〃 | 1,050 ရက်စာ | 〃 | 1,050 ရက်စာ |
| အဆင့်4 | 〃 | 920 ရက်စာ | 〃 | 920 ရက်စာ |
| အဆင့်5 | 〃 | 790 ရက်စာ | 〃 | 790 ရက်စာ |
| အဆင့်6 | 〃 | 670 ရက်စာ | 〃 | 670 ရက်စာ |
| အဆင့်7 | 〃 | 560 ရက်စာ | 〃 | 560 ရက်စာ |

**◆ထိခိုက်နစ်နာကြေး(လျော်ကြေး)** အစရှိသည့်**ပင်စင်ငွေ နှုတ်ယူထားသည့်ထောက်ပံ့ကြေးရနိုင်သောကျန်ရစ်သူမိသားစု**

ထိခိုက်နစ်နာကြေး(လျော်ကြေး) အစရှိသည့်ပင်စင်ငွေနှုတ်ယူထားသည့် တလုံးတခဲတည်းပေးငွေ      ရနိုင်သော ကျန်ရစ်သူမိသားစုသည် အောက်ဖော်ပြပါ ၁နှင့်၂ တွင်ဖော်ပြသောကျန်ရစ်သူ မိသားစုဖြစ်ပြီး အာမခံရသင့်သော နံပါတ်စဉ်မှာ အောက်ဖော်ပြပါ ၁၊ ၂ အစဉ်အလိုက် (ကျန်ရစ်သူမိသားစုထဲတွင် ၁နှင့်၂တွင် အသီးသီးဖော်ပြထားသောအစဉ်လိုက်)ဖြစ်သည်။

၁။ အလုပ်သမားသေဆုံးချိန်တွင် ထိုသူနှင့်အတူ နေထိုင်ခဲ့သော အိမ်ထောင်ဖက် (လက်ထက်ပြီးစီးကြောင်း အကြောင်းကြားစာ မပို့သော်လည်း အမှန်တကယ် အကြင်လင်မယားအဖြစ်နေထိုင်သောသူများ ပါဝင်သည်။၂နှင့်ပတ်သက်၍လည်း အတူတူပင် ဖြစ်သည်။)ကလေး၊ အဖေ အမေ ၊ မြေး၊ အဘိုးအဘွားနှင့် ညီအစ်ကို မောင်နှမများ

၂။(၁)နှင့် မကိုက်ညီသော အိမ်ထောင်ဘက် ၊ ကလေး၊ အဖေအမေ၊ မြေး၊ အဘိုးအဘွား နှင့် ညီအစ်ကိုမောင်နှမများ

## လျှောက်ထားရန်လုပ်ထုံးလုပ်နည်းများ

လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကြပ်ရေးဗျူရိုသို့ထိခိုက် နစ်နာကြေးလျော်ကြေးပင်စင်ငွေက နှုတ်ယူထားသည့် တလုံးတခဲတည်းပေးငွေ၊ လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမား များအတွက် ထိခိုက်နစ်နာကြေးပင်စင် နှုတ်ယူထားသည့် တလုံးတခဲတည်း ပေးငွေ၊ ထိခိုက်နစ်နာကြေးပင်စင်ငွေ နှုတ်ယူထားသည့် တလုံးတခဲတည်းပေးငွေ လျှောက်လွှာ (ပုံစံနံပါတ် 37-2)ကို တင်ပြပါ။ လျှောက်လွှာတွင် အောက်ပါစာရွက်စာတမ်းများကိုပူးတွဲပါ။

❖ လျှောက်ထားရာတွင် လိုအပ်သောပူးတွဲအချက်အလက် စာရွက်စာတမ်းများ

| ယခုကဲ့သို့သော အချိန်တွင် | သေချာပေါက် ပူးတွဲပေးရမည့်အရာများ |
|---|---|
| သေဆုံးသူအလုပ်သမားနှင့် လက်ထပ်ပြီးစီးကြောင်း အကြောင်းမကြားသော်လည်း အမှန်တကယ် အကြင် လင်မယား အဖြစ် နေထိုင်သော အခြေအနေ | အိမ်သားအားလုံးမှတ်ပုံတင်ထားသော အိမ်ထောင်စု သို့မဟုတ် တစ်ဦးချင်းမှတ်ပုံတင် ထားသော အိမ်ထောင်စု လျှောက်တင်သူနှင့် သေဆုံးသူ အလုပ်သမားတို့၏ ဆက်နွယ် ပတ်သက်မှုကို ထောက်ခံ ပေးနိုင်သော စာရွက်စာတမ်း |
| သေဆုံးသူအလုပ်သမား၏ ဝင်ငွေနှင့် နေထိုင်စားသောက်စရိတ် ကို ထောက်ပံ့ပေးခဲ့သော အခြေအနေ | ထိုအကြောင်းအရာ မှန်ကန်ကြောင်း ထောက်ခံစာ |
| ပူးတွဲ စာရွက်စာတမ်းများ | ထိုအကြောင်းအရာ မှန်ကန်ကြောင်း ထောက်ခံစာ |

※ထို့အပြင် အခြားစာရွက်စာတမ်းများ တင်ပြရမည့်အခါမျိုး ရှိပါသည်။

### သတ်မှတ်ချိန်ကာလကျော်လွန်ခြင်း

ထိခိုက်နစ်နာကြေး အစရှိသည့်ပင်စင်ငွေနှုတ်ယူထားသည့် ထောက်ပံ့ကြေးသည် ထိခိုက်နစ်နာသူ အလုပ်သမား သေဆုံးသော နောက်နေ့မှစ၍ 5နှစ်ကျော်လျှင် ကန့်သတ်ကာလ ကုန်ဆုံးမည် ဖြစ်သောကြောင့် လျှောက်ထားမှုကို ပယ်ချမည် ဖြစ်သဖြင့် သတိပြုပါ။

# ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့်ခံစားခွင့် နာရေးစရိတ် စသည်(နာရေးထောက်ပံ့ကြေး)

သေဆုံးသူသည် လုပ်ငန်းခွင်အတွင်း သို့မဟုတ် အလုပ် အသွားအပြန်ချိန်အတွင်း သေဆုံးခဲ့ပါက ထိုသူ၏မိသားစုအား ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ခံစားခွင့်ကို ပေးသည်။ တဖန် နာရေးကျင်းပသူအား နာရေးစရိတ် စသည်(နာရေး ထောက်ပံ့ကြေး) ကို ပေးသည်။

ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ခံစားခွင့်တွင်ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်နှင့်ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့်တလုံးတခဲတည်းပေးငွေနှစ်မျိုးရှိသည်။

## ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်ပင်စင်

ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်ပင်စင်သည် လက်ခံခွင့် ရှိသောဆွေမျိုးများထဲတွင် ဦးစားပေးအစဉ်လိုက် ရရှိခွင့်ရှိသူများအားပေးပါသည်။

### လက်ခံခွင့်ရှိသောသူများ

ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့်ပင်စင် လက်ခံခွင့် ရှိသောသူများမှာ အလုပ်သမားသေဆုံးချိန်တွင် ထိုသူ၏ ဝင်ငွေနှင့်နေထိုင်စားသောက်ခဲ့သော အိမ်ထောင်ဖက်၊ ကလေး၊ အဖေအမေ၊ မြေး၊ အဘိုးအဘွား၊ ညီအစ်ကိုမောင်နှမများ ဖြစ်ပြီး ဇနီးသည်မှအပဆွေမျိုးသားချင်းနှင့်ပတ်သက်၍ အလုပ်သမားသေဆုံးချိန်တွင် အသက်အရွယ်အတိုင်းအတာတစ်ခု သို့မဟုတ် လူငယ်ဖြစ်ပြီး အတိုင်းအတာတစ်ခုထိ ထိခိုက်ပျက်စီးမှု အခြေအနေ ရှိရန် လိုပါသည်။

တဖန်(အလုပ်သမားသေဆုံးချိန်တွင် အလုပ်သမား၏ ဝင်ငွေဖြင့်နေထိုင်စားသောက်စရိတ်ကို ထောက်ပံ့ခဲ့သော) ဆိုသည်မှာအဓိကအားဖြင့် အလုပ်သမား၏ဝင်ငွေဖြင့် နေထိုင်စားသောက်စရိတ်ကို ထောက်ပံ့နေရန်မလိုဘဲ အလုပ်သမားဝင်ငွေဖြင့် နေထိုင်စားသောက်မှု တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပေးလျှင်လုံလောက်ကာ တစ်နည်းအားဖြင့် အတူတူဝင်ငွေရှာသည့် အခြေအနေ လည်း အကျုံးဝင်သည်။

ထောက်ပံ့ငွေလက်ခံခွင့်ရှိသူဖြစ်သော အစဉ်လိုက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

① ဇနီးသည် သို့မဟုတ် အသက်60ကျော်အတိုင်းအတာတစ်ခုထိ ထိခိုက်ဆုံးရှုံးသူခင်ပွန်းသည်

② အသက်18နှစ်ပြည့်သောနေ့နောက်ပိုင်း ပထမဆုံးမတ်လ31ရက်နေ့ထိကြားတွင်ရှိသောအတိုင်းအတာတစ်ခုထိ ထိခိုက်ဆုံးရှုံးသူကလေး

③ အသက်60ကျော် အတိုင်းအတာတစ်ခုထိ ထိခိုက် ဆုံးရှုံးသူအဖေအမေ

④ အသက်18နှစ်ပြည့်သောနေ့နောက်ပိုင်းပထမဆုံးမတ်လ31ရက်နေ့ ထိကြားတွင် ရှိသောအတိုင်းအတာတစ်ခုထိ ထိခိုက်ဆုံးရှုံးသူမြေး

⑤ အသက်60ကျော် အတိုင်းအတာတစ်ခုထိ ထိခိုက် ဆုံးရှုံးသူအဘိုးအဘွား

⑥ အသက်18နှစ်ပြည့်သောနေ့နောက်ပိုင်း ပထမဆုံးမတ်လ 31ရက်နေ့ထိကြားတွင်ရှိသော သို့မဟုတ်အသက်60ကျော် သို့မဟုတ် အတိုင်းအတာတစ်ခုထိ ထိခိုက်ဆုံးရှုံးသူ ညီအစ်ကိုမောင်နှမ

⑦ အသက်55ကျော် အသက်60မပြည့်သူ ခင်ပွန်း

⑧ အသက်55ကျော် အသက်60မပြည့်သူ အဖေအမေ

⑨ အသက်55ကျော် အသက်60မပြည့်သူ အဘိုးအဘွား

⑩ အသက် 55 နှစ်အထက် 60 နှစ်မပြည့်သေးသောမောင်နှမ

※သတ်မှတ်ထားသောထိခိုက်နစ်နာမှုဟူသည်မှာ ထိခိုက်နစ်နာအဆင့် 5 အထက်ရှိသောရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများကိုဆိုလိုသည်။

※အိမ်ထောင်ဖက်ဖြစ်ခဲ့သော်ထိမ်းမြားမှု လျှောက်ထားလွှာ ကို အကြောင်းမကြားထားသော်လည်း လက်တွေ့တွင်လက်ထပ် ထိမ်းမြားခြင်းနှင့်အလားတူအခြေအနေမျိုးတွင် ရှိသူများလဲ အကျုံးဝင်သည်။ တဖန အလုပ်သမားသေဆုံးချိန်တွင် နို့စို့ကလေးဖြစ်သောသားသမီးသည်မွေးဖွားစဉ်ကတည်းက လက်ခံပိုင်ခွင့်ရှိသူအဖြစ်အကျုံးဝင်သည်။

※ဦးစားပေးပုဂ္ဂိုလ်များသည်သေဆုံးခြင်း၊ထပ်မံလက်ထပ် ထိမ်းမြားခြင်းစသည်တို့ ကြောင့် လက်ခံပိုင်ခွင့် မရှိတော့သော အခါ ထိုသူ၏နောက်ရှိဦးစားပေးပုဂ္ဂိုလ်မှ လက်ခံပိုင်ခွင့်ရရှိမည် ဖြစ်သည်။

※⑦မှ⑩ရှိအသက် 55 နှစ်အထက် 60 အောက်ခင်ပွန်း၊ မိဘ၊ အဘိုးအဘွား၊ မောင်နှမများသည် လက်ခံပိုင်ခွင့်ရှိသူ ဖြစ်သော်လည်း အသက် 60 ပြည့်သည်အထိ နှစ်စဉ်ငွေ ထောက်ပံ့မှုကိုရပ်ဆိုင်းမည်။

## ထောက်ပံ့မှုပုံစံ

ကျန်ရစ်သူမိသားစုအရေအတွက်အပေါ်မူတည်၍ ကျန်ရစ်သူ မိသားစု (လျော်ကြေး) အစရှိသည့် ပင်စင်ငွေ၊ ကျန်ရစ်သူ မိသားစုအထူးထောက်ပံ့ငွေနှင့် အထူးပင်စင်ငွေ ပေးအပ်မည်ဖြစ်သည်။ သို့သော်လက်ခံပိုင်ခွင့်ရှိသူသည် 2 ဦးအထက်ရှိခဲ့သော် ထိုပမာဏကိုအညီအမျှ ပိုင်းခြားထားသော ပမာဏကို လက်ခံပိုင်ခွင့် ရှိသူအသီးသီးမှ ရယူ ရမည်ဖြစ်သည်။

| ကျန်ရစ်သူမိသားစုအရေအတွက် | ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ | ကျန်ရစ်သူမိသားစုအထူးထောက်ပံ့ငွေ (တလုံးတခဲတည်းပေးငွေ) | ကျန်ရစ်သူမိသားစုအထူးထောက်ပံ့ငွေ |
|---|---|---|---|
| 1 ဦး | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ153 ရက်စာ (သို့သော် 55နှစ်အထက်ရှိသော ဇနီးသို့မဟုတ် သတ်မှတ်ထားသော ထိခိုက်နစ်နာမှု အခြေအနေ ရှိသည့်ဇနီးဖြစ်လျှင်အခြေခံနေ့ တွက် ခံစားခွင့်ပမာဏ 175 ရက်စာ) | 3,000,000 ယန်း | အခြေခံနေ့တွက်စရိတ် 153 ရက်စာ (သို့သော် 55 နှစ်အထက်ရှိသောဇနီးသို့မဟုတ် သတ်မှတ် ထားသော ထိခိုက်နစ်နာမှု အခြေအနေ ရှိသည့်ဇနီးဖြစ်လျှင် အခြေခံနေ့တွက်စရိတ် 175 ရက်စာ) |
| 2 ဦး | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ 201 ရက်စာ | | အခြေခံနေ့တွက်စရိတ် 201 ရက်စာ |
| 3 ဦး | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ 223 ရက်စာ | | အခြေခံနေ့တွက်စရိတ် 223 ရက်စာ |
| 4 ဦးအထက် | အခြေခံနေ့တွက်ခံစားခွင့်ပမာဏ 245 ရက်စာ | | အခြေခံနေ့တွက်စရိတ် 245 ရက်စာ |

## လျှောက်ထားရန်လုပ်ထုံးလုပ်နည်းများ

စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသောလုပ်ငန်းခွင်စံချိန်စံညွှန်းစီမံကြီးကြပ်ရေးဌာနမှူးထံကျန်ရစ်သူ မိသားစု လျော်ကြေးပင်စင်ငွေ၊ လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် ကျန်ရစ်သူမိသားစုပင်စင်၊ ထောက်ပံ့မှုတောင်းခံလွှာ (ပုံစံနံပါတ် 12) သို့မဟုတ် ကျန်ရစ်သူမိသားစုပင်စင်ငွေ ထောက်ပံ့မှု တောင်းခံလွှာ (ပုံစံနံပါတ် 16-8)ကိုတင်ပြပါ။သို့သော်အထူးထောက်ပံ့ငွေလျှောက်ထားခြင်း သည်အခြေခံအားဖြင့်ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့်ထောက်ပံ့ရန် လျှောက်ထားချိန်တူညီရ မည်။ ပုံစံမှာ ကျန်ရစ်သူမိသားစု (လျော်ကြေး) အ စ ရှ သ ည့် ေ ထ ာ က် ပံ့ ေ ငွ နှင့်တူညီသည်။

❖ လျှောက်ထားရာတွင်လိုအပ်သောပူးတွဲစာရွက်စာတမ်းများ ※အပြင်အခြားစာရွက်စာတမ်းများကိုလဲတောင်းခံနိုင်ဖွယ်ရှိသည်။

| ထိုအခါမျိုးတွင် | ပူးတွဲစာရွက်စာတမ်း |
|---|---|
| ပူးတွဲတင်ပြရမည်များ | သေဆုံးမှုဆေးစစ်ချက်၊သေဆုံးသူခန္ဓာကိုယ်ဆေးစစ်ချက်၊ ဆေးစစ်ချက်မှတ်တမ်းသို့မဟုတ်၎င်းအကြောင်းအရာများ ရေးသားဖော်ပြထားသည့် စာရွက်စာတမ်းစသည်တို့၊ အလုပ်သမားသေဆုံးသည့်ပုံစံ နှင့်နေ့ရက်များ ကိုဖော်ပြထားသောစာရွက်စာတမ်း |
| | သန်းခေါင်စာရင်း၊ မိတ္တူများ၊ လျှောက်ထားသူနှင့်အခြား လက်ခံပိုင်ခွင့်ရှိသူများနှင့်သေဆုံးသူအလုပ်သမားကြားရှိ ပတ်သက်မှုကို အထောက်အထားပြနိုင်သည့် စာရွက်စာတမ်း |
| | လျှောက်ထားသူနှင့်အခြားလက်ခံပိုင်ခွင့်ရှိသူများသည် သေဆုံးသူ အလုပ်သမား၏ဝင်ငွေဖြင့်နေထိုင်စားသောက်လျက်ရှိကြောင်း အထောက်အထားပြသည့်စာရွက်စာတမ်း |
| သေချာပေါက်ပူးတွဲတင်ပြရမည့်လျှောက်ထားသူသို့မဟုတ်အခြားလက်ခံပိုင်ခွင့်ရှိသူများ၏သေဆုံးသူအလုပ်သမားနှင့်လက်ထပ်ထိမ်းမြားခြင်းလျှောက်ထားလွှာအား အကြောင်းမကြားထားသော်လည်းလက်တွေ့ တွင်လက်ထပ်ထိမ်းမြားထားသည့် အခြေအနေမျိုးတွင်ရှိသူဖြစ်သောအခါ | ထိုအကြောင်းအရာကိုအထောက်အထားပြသည့်စာရွက်စာတမ်း |
| လျှောက်ထားသူနှင့်အခြားလက်ခံပိုင်ခွင့်ရှိသူများအနက်သတ်မှတ်ထားသောထိခိုက်နစ်နာမှုအခြေအနေအလိုက်လက်ခံပိုင်ခွင့်ရှိသူဖြစ်ရမည့်သူရှိသောအခါ | ဆေးစစ်ချက်၊အလုပ်သမားသေဆုံးသည့်နေ့မှဆက်လက်ပြီး သက်ဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေတွင်ရှိကြောင်း အထောက်အထားပြသည့် စာရွက်စာတမ်း |
| လက်ခံပိုင်ခွင့်ရှိသူများအနက်လျှောက်ထားသူနှင့်အတူတကွနေထိုင်စားသောက်နေသူရှိသောအခါ | ထိုအကြောင်းအရာကိုအထောက်အထားပြသည့်စာရွက်စာတမ်း |
| ဇနီးသည်သည်ထိခိုက်နစ်နာသူဖြစ်နေသောအခါ | ဆေးစစ်ချက်၊အလုပ်သမားသေဆုံးသည့်အချိန်နောက်ပိုင်း ထိခိုက်နစ်နာမှုဖြစ်သည့်အခြေအနေရှိကြောင်းနှင့်ထိုအခြေအနေ ဖြစ်ပေါ်ပြီး သို့မဟုတ် ထိုထိုအခြေအနေပျောက်ကင်းသွားသည့် အချိန်ကိုအထောက်အထားပြနိုင်သည့်စာရွက်စာတမ်း |
| တူညီသောအကြောင်းရင်းကြောင့်ကျန်ရစ်သူမိသားစုလူမှုဖူလုံရေးပင်စင်ငွေ၊အခြေခံပင်စင်ငွေ၊မုဆိုးမပင်စင်ငွေစသည်တို့ ထောက်ပံ့ခြင်းခံရသောအခြေအနေ | ထောက်ပံ့ငွေပမာဏကိုအထောက်အထားပြသနိုင်သည့် စာရွက်စာတမ်း |

### ကန့်သတ်ကာလ

ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်နစ်စဉ်ငွေသည်နစ်နာသူသေဆုံးသောနေ့၏နောက်ရက်မ 5နှစ်ကြာလျှင်ကန့်သတ် ကာလအရလျှောက်ထားပိုင်ခွင့်ပျက်ပြယ်သည်များရှိ၍ သတိပြုပါ။

# ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် တလုံးတခဲတည်းပေးငွေ

## (1)ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်တလုံးတခဲတည်းပေးငွေ ထောက်ပံ့သောအခါ

အောက်ပါတို့အနက်တချက်ချက်ဖြင့်ကိုက်ညီလျှင်ထောက်ပံ့သည်။

① အလုပ်သမားသေဆုံးချိန်၊ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့် ပင်စင်ငွေလက်ခံယူမည့်ကျန်ရစ်သူမိသားစုမရှိသောအခါ

② ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်ပင်စင်ငွေလက်ခံပိုင်ခွင့် ရှိသူသည်နောက်ဆုံးဦးစားပေးအဆင့်ရှိသူအထိအားလုံး ထိုအခွင့်အရေးဆုံးရှုံးခဲ့သော်လက်ခံပိုင်ခွင့်ရှိသောကျန်ရစ်သူ မိသားစုဝင်အားလုံးအားပေးချေခဲ့သည့်ပင်စင်ငွေပမာဏနှင့် ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေကြိုတင်တလုံးတခဲတည်းပေးငွေ (P30) ရှိပမာဏသည် အခြေခံနေ့တွက်ခံစားခွင့် ပမာဏ၏1000ရက်စာမပြည့်သောအခါ

## (2)လက်ခံပိုင်ခွင့်ရှိသူ

ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် တလုံးတခဲတည်းပေးငွေ လက်ခံပိုင်ခွင့်ရှိသူသည် အောက်ပါတို့ အနက်ပထမဦးစားပေး အဆင့်ရှိသူ (②③နှင့်ပတ်သက်ပြီးသားသမီး၊မိဘ၊မြေး၊အဘိုး အဘွား အစဉ်လိုက်) ဖြင့်ပြီးအဆင့်တူသူ2 ဦးအထက်ရှိလျှင ထိုသူအားလုံးလက်ခံပိုင်ခွင့်ရှိသည်။

① အိမ်ထောင်ဖက်

② အလုပ်သမားသေဆုံးပြီးနောက်ထိုသူ၏ဝင်ငွေဖြင့် နေထိုင်စားသောက်နေသော ကလေး ၊ မိဘ၊ မြေး၊ အဘိုးအဘွား

③ အခြား ကလေး၊မိဘ၊မြေး၊အဘိုးအဘွား

④ မောင်နှမများ

## ထောက်ပံ့သည့်ပုံစံ

**အထက်ပါ (1) ၏ ① ဖြစ်လျှင်**

အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏1000ရက်စာထောက်ပံ့သည်။
တဖန်ကျန်ရစ်သူမိသားစုအထူးထောက်ပံ့ငွေအနေဖြင့် 3,000,000 ယန်းထောက်ပံ့မည့်အပြင် ကျန်ရစ်သူမိသားစ အထူး တလုံးတခဲတည်းပေးငွေအနေဖြင့် အခြေခံနေ့တွက် ခံစားခွင့်ပမာဏ၏ 1000 ရက်စာထောက်ပံ့သည်။

**အထက်ပါ(1) ၏ ② ဖြစ်လျှင်**

အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ 1000 ရက်စာမှ ထောက်ပံ့ပြီး ဖြစ်သောကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့် ပင်စင်ငွေစသော စုစုပေါင်းပမာဏများကိုနုတ်ထားသော ပမာဏအားထောက်ပံ့ ပါသည်။
လက်ခံပိုင်ခွင့်ရှိသူဖြစ်သောကျန်ရစ်သူမိသားစုဝင်အားလုံး အတွက်ပေးချေသော ကျန်ရစ်သူ မိသားစု အထူးပင်စင်ငွေပမာဏအားလုံးသည်အခြေခံနေ့တွက်စရိတ်၏ရက် 1000 စာမပြည့်မီခဲ့သော် ကျန်ရစ်သူမိသားစုအထူးတလုံးတခဲတည်းပေးငွေအနေဖြင့်အခွေခြခံနေ့တွက်စရိတ်၏ 1000 ရက်စာ နှင့်ထိုစုစုပေါင်းပမာဏများကိုနုတ်ထားသည်အားထောက်ပံ့မည်။
(ကျန်ရစ်သူမိသားစုအထူးထောက်ပံ့ငွေကို မထောက်ပံ့ပါ။)

## လျှောက်ထားရန်လုပ်ထုံးလုပ်နည်းများ

စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော လုပ်ငန်းခွင်စံချိန်စံညွှန်းကြီးကျပ်ရေးဌာနမှူးထံ ကျန်ရစ်သူ မိသားစု လျော်ကြေးတလုံးတခဲတည်းပေးငွေ၊ လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် ကျန်ရစ်သူမိသားစု တလုံးတခဲတည်းပေးငွေ ၊ ထောက်ပံ့မှုတောင်းခံလွှာ(ပုံစံအမှတ်၁၅) သို့မဟုတ် ကျန်ရစ်သူ မိသားစု(လျော်ကြေး) တလုံးတခဲတည်းပေးငွေထောက်ပံ့မှု တောင်းခံလွှာ(ပုံစံအမှတ် ၁၆-၉)ကိုတင်ပြပါ။ သို့သော် အထူးထောက်ပံ့ငွေ လျှောက်ထားလွှာသည် အခြေခံမှာ ကျန်ရစ်သူမိသားစု (လျော်ကြေး) တလုံးတခဲတည်းပေးငွေ လျှောက်ထားချိန်နှင့် တူညီရမည်။ပုံစံမှာ ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့်တလုံးတခဲတည်းပေးငွေနှင့် အလားတူပင်ဖြစ်သည်။

● **လျှောက်ထားရာတွင်လိုအပ်သော ပူးတွဲစာရွက်စာတမ်းများ**

| ထိုအခါမျိုးတွင် | ပူးတွဲစာရွက်စာတမ်းများ |
|---|---|
| သေဆုံးသူအလုပ်သမားနှင့် လက်ထပ်ထိမ်းမြားထား ကြောင်း တရားဝင်အကြောင်း မကြားထားသော်လည်း လက်တွေ့တွင် လက်ထပ်ထိမ်းမြားထား သကဲ့သို့ အခြေအနေ တွင် ရှိသူဖြစ်လျှင် | ၎င်းကို အထောက်အထားပြနိုင်သည့် စာရွက်စာတမ်း |
| သေဆုံးသူအလုပ်သမား၏ဝင်ငွေဖြင့် နေထိုင် စားသောက်သူဖြစ်နေလျှင် | ထိုအထောက် အထားစာရွက်စာတမ်းများ အကြောင်းအရာကို အထောက်အထားပြနိုင် သော  စာရွက်စာတမ်း |
| အလုပ်သမားသေဆုံးချိန်၊ ကျန်ရစ်သူ မိသားစု (လျော်ကြေး) အစရှိသည့်ပင်စင်ငွေကို လက်ခံနိုင်သော ကျန်ရစ်သူမိသားစုမရှိသောအချိန် | A)သေဆုံးမှုဆေးစစ်ချက်၊ သေဆုံးသူ ခန္ဓာကိုယ်ဆေးစစ်ချက်၊ဆေးစစ်ချက်မှတ်တမ်း သို့မဟုတ် ၎င်းအကြောင်း အရာ များရေးသားဖော်ပြထားသည့် စာရွက်စာတမ်းစသည်တို့၊ အလုပ်သမားသေဆုံးသည့် ပုံစံနှင့် နေ့ရက်များကို ဖော်ပြထားသောစာရွက်စာတမ်း<br>B)သန်းခေါင်စာရင်း၊ မိတ္တူများ၊ လျှောက်ထားသူနှင့် အခြားလက်ခံပိုင်ခွင့်ရှိသူများနှင့် သေဆုံးသူအလုပ်သမားကြားရှိ ပတ်သက်မှုကို  အထောက်အထားပြနိုင်သည့် စာရွက်စာတမ်း၊ |
| ကျန်ရစ်သူမိသားစု လျော်ကြေး ပင်စင်ငွေလက်ခံပိုင်ခွင့်ရှိသူ နောက်ဆုံးဦးစားပေး အဆင့်အထိ ထိုအခွင့်အရေး ပျက်ပြယ်သွားချိန်တွင် ထိုကျန်ရစ်သူမိသားစုဝင်အားလုံးထံ ထောက်ပံ့ထားသောပင်စင်ငွေပမာဏနှင့် ကျန်ရစ်သူ မိသားစု (လျော်ကြေး) အစရှိသည့်ပင်စင်ငွေ ကြိုတင်၍ တလုံးတခဲတည်းပေးငွေပမာဏသည် အခြေခံနေ့တွက် ခံစားခွင့်ပမာဏ၏ ၁၀၀ရက်စာမပြည့်သောအခါ | အထက်ပါ Bရှိ စာရွက်စာတမ်းများ |

*အခြားစာရွက်စာတမ်းများကို လဲတင်ပြရန်တောင်းဆိုနိုင်သည်။

### ကန့်သတ်ကာလ

ကျန်ရစ်သူမိသားစု (လျော်ကြေး) အစရှိသည့်တလုံးတခဲတည်းပေးငွေသည် ထိုပင်စင်ငွေကဲ့သို့ နစ်နာသူအလုပ်သမားသေဆုံးသည့်နောက်နေ့မှ ၅နှစ်ကြာလျှင် ကန့်သတ်ကာလ အလိုက် တောင်းဆိုပိုင်ခွင့်ပျက်ပြယ်မည်ဖြစ်၍ သတိထားရမည်။

## ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေကြိုတင်တလုံးတခဲတည်းပေးငွေ

ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်ပင်စင်ငွေကြိုတင်တလုံးတခဲ တည်းပေးငွေကို 1 ကြိမ်တည်းဖြင့်လက်ခံရယူနိုင်သည်။
တဖန်ပင်စင်သက်မပြည့်သေးသောကြောင့်ပင်စင်ငွေ ထောက်ပံ့ခြင်းရပ်ဆိုင်းခံရသူသည်လဲ ကြိုတင်ပေးငွေ လက်ခံရယူနိုင်သည်။

## ထောက်ပံ့မှုပုံစံ

ကြိုတင်၍တလုံးတခဲတည်းပေးငွေပမာဏသည်အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ 200 ရက်စာ၊ 400 ရက်စာ၊ 600 ရက်စာ၊ 800 ရက်စာ၊ 1000 ရက်စာတွင်းမှဆန္ဒရှိရာပမာဏကိုရွေးချယ်နိုင်သည်။
သို့သော်တလုံးတခဲတည်းကြိုတင်ပေးငွေထောက်ပံ့ခြင်းခံရလျှင်ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေသည်1လစီ၏ပမာဏ(1နှစ်ကြာပြီးနောက်ပိုင်းအတွက် ပြဋ္ဌာန်းထားသော အတိုးနှုန်းဖြင့် စားထားသောပမာဏ) ၏စုစုပေါင်းပမာဏသည်တလုံးတခဲတည်းကြိုတင်ပေးငွေပမာဏကို ပြည့်မီသည်အထိထောက်ပံ့မှုကိုရပ်ဆိုင်းထားမည်။

## လျှောက်ထားရန်လုပ်ထုံးလုပ်နည်း

အခြေခံအားဖြင့်ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်ပင်စင်ငွေ လျှောက်ထားချိန်နှင့်အတူ ကျန်ရစ်သူမိသားစုလျော်ကြေးပင်စင်ငွေ၊ လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် ကျန်ရစ်သူမိသားစုပင်စင် ၊ ကျန်ရစ်သူမိသားစုပင်စင်ငွေကြိုတင်ပေးငွေလျှောက်လွှာ (ပင်စင်ငွေလျှောက်လွှာပုံစံနံပါတ်1) ကို စီရင်ပိုင်ခွင့်ရှိသော လုပ်ငန်းခွင်စံချိန်စံညွှန်းစီမံကြီးကြပ်ရေးဌာနမှူးထံ တင်ပြရမည်။
သို့သော်ပင်စင်ငွေထောက်ပံ့မည်ဖြစ်ကြောင်းအသိပေးသော နေ့၏နောက်နေ့မှစ၍ 1နှစ်အတွင်း ဖြစ်လျှင်ကျန်ရစ်သူ မိသားစု
(လျော်ကြေး)အစရှိသည့်ပင်စင်ငွေကိုလက်ခံပြီးနောက်ပိုင်းတွင်လဲ လျှောက်ထားနိုင်သည်။ ထိုအခါမျိုးတွင်အခြေခံနေ့တွက် ခံစားခွင့်ပမာဏ၏ 1000 ရက်စာမှထောက်ပံ့ထားပြီးဖြစ်သော ပင်စင် ငွေ၏စုစုပေါင်းပမာဏကိုလျှော့ထားသော ဘောင် အတွင်းမှ လျှောက်ထားနိုင်သည်။

## ကန့်သတ်ကာလ

ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့်ပင်စင်ငွေတလုံးတခဲတည်း ကြိုတင်ပေးငွေသည် နစ်နာသအလုပ်သမား သေဆုံးသောနေ့၏ နောက်ရက်မှ 2 နှစ်ကြာလျှင်ကာလကန့်သတ်ချက်အရ လျှောက်ထားပိုင် ခွင့်ပျက် ပြယ်မည်ဖြစ်၍သတိပြုပါ။

# ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေလက်ခံယူခွင့်ရှိသူ ပြောင်းလဲချိန်
# (ရွှေ့ပြောင်းထောက်ပံ့ခြင်း)

ကျန်ရစ်သူမိသားစု(လျော်ကြေး) အစရှိသည့် ပင်စင်ငွေလက်ခံယူခွင့်ရှိသူမှာ အောက်ပါအကြောင်းရင်းများကြောင့်ထိုအခွင့်အရေးပျက်ပြယ်ခဲ့သော်အောက်ပါဦးစားပေးအဆင့်ရှိကျန်ရစ်သူမိသားစုများမှ ထောက်ပံ့ငွေကိုလက်ခံရယူနိုင်သည်။

(1) သေဆုံးခြင်း
(2) လက်ထပ်ထိမ်းမြားခြင်း (တရားဝင်အကြောင်းမကြားထားသော်လည်း လက်တွေ့တွင် လက်ထပ်ထိမ်းမြားထားသကဲ့သို့ ဖြစ်ခြင်းအပါအဝင်)
(3) သွေးရင်းသို့ မဟုတ်လက်ထပ်ထိမ်းမြားခြင်းဖြင့်တိုက်ရိုက် ပတ်သက်သူ၏သားသမီး (တရားဝင်အကြောင်းကြားထားခြင်း မရှိသော်လည်းလက်တွေ့တွင်မျိုးဆက်တော်ဆက်ပုံကဲ့သို့သော အခြေအနေတွင်ရှိခြင်းအပါအဝင်)
(4) ကွာရှင်းလိုက်ခြင်းကြောင့်သေဆုံးသူအလုပ်သမားနှင့် တော်စပ်မှုမရှိခြင်း
(5) သားသမီး၊မြေး၊မောင်နှမများမှာအသက် 18 နှစ်ပြည့်ပြီး ပထမ မတ်လ 31 ရက်နေ့ အပြီး (အလုပ်သမားသေဆုံးချိန်မှ ဆက်လက်ပြီးသတ်မှတ်ထားသောထိခိုက်နစ်နာမှုအခြေအနေရှိခြင်း မှလွဲ၍)
(6) သတ်မှတ်ထားသောထိခိုက်နစ်နာမှုအခြေအနေရှိသည့် ခင်ပွန်း၊ သားသမီး၊ မိဘ၊ မြေး၊ အဘိုးအဘွား၊ မောင်နှမများမှာ ထိခိုက်နစ်နာမှု မဟုတ်တော့ခြင်း

## လျှောက်ထားရန်လုပ်ထုံးလုပ်နည်း

စီရင်ပိုင်ခွင့်ရှိသောလုပ်ငန်းခွင်စံချိန်စံညွှန်းစီမံကြီးကြပ်ရေးဌာနမှုးထံကျန်ရစ်သူမိသားစု လျော်ကြေး နှစ်စဉ်ငွေ၊ လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် ကျန်ရစ်သူမိသားစု ပင်စင်ငွေ၊ ကျန်ရစ်သူ မိသားစုပင်စင်ငွေရွှေ့ပြောင်းပေးအပ်ခြင်းလျှောက်ထားလွှာ (ပုံစံနံပါတ် 13) ကိုတင်ပြပါ။
ကျန်ရစ်သူမိသားစုအထူးပင်စင်ငွေထောက်ပံ့ရေးလျှောက်လွှာသည်အခြေခံအားဖြင့် ရွှေ့ပြောင်းထောက်ပံ့ ရန်တောင်းခံချိန်တွင်ဖြစ်ရမည်။ပုံစံမှာရွှေ့ပြောင်းထောက်ပံ့ရန်လျှောက်ထားလွှာနှင့်တူညီသည်။

❖ လျှောက်ထားရာတွင်လိုအပ်သောပူးတွဲစာရွက်စာတမ်းများ

| ဤအခါမျိုးတွင် | ပူးတွဲစာရွက်စာတမ်းများ |
|---|---|
| ပူးတွဲတင်ပြရမည်များ | သန်းခေါင်စာရင်းမိတ္တူစသောလျှောက်ထားသူနှင့် လျှောက်ထားသူနှင့်အတူတကွနေထိုင်စားသောက်နေသောအခြားလက်ခံပိုင်ခွင့်ရှိသူများကိုသေဆုံးသူအလုပ်သမားနှင့်ဆွေမျိုးတော်စပ်ပုံ အထောက်အထားပြစာရွက်စာတမ်း |
| လျှောက်ထားသူနှင့်လျှောက်ထားသူနှင့်အတူတကွနေထိုင်စားသောက်နေသောလက်ခံပိုင်ခွင့်ရှိသူများ အနက်သတ်မှတ်ထားသောထိခိုက်နစ်နာမှုအခြေအနေအရလက်ခံပိုင်ခွင့်ရှိသူထွက်ပေါ်လာချိန် | ဆေးစစ်ချက်စသောအလုပ်သမားသေဆုံးချိန်မှဆက် လက်ပြီးထိုထိခိုက်နစ်နာသည့်အခြေအနေတွင်ရှိကြောင်းအထောက်အထားပြ စာရွက်စာတမ်း |
| လက်ခံပိုင်ခွင့်ရှိသူများအနက်လျှောက်ထားသူနှင့်အတူတကွနေထိုင်စားသောက်နေသူရှိချိန် | မှန်ကန်ကြောင်းအထောက်အထားပြစာရွက်စာတမ်း |

※အခြားစာရွက်စာတမ်းများတင်ပြရန်တောင်းခံခြင်းများရှိမည်။

# နာရေးစရိတ် အစရှိသည့် (နာရေးကူငွေ)

နာရေးစရိတ် အစရှိသည့် (နာရေးကူငွေ) ထောက်ပံ့ခံရမည့်ပုဂ္ဂိုလ်သည် ကျန်ရစ်သူမိသားစု ဖြစ်ရန်မလိုပဲ ပုံမှန်မှာနာရေးကျင်းပရန် သင့်တော်သောကျန်ရစ်သူမိသားစုနှင့်အကျုံးဝင်သည်။ သို့သော်နာရေးပြုလုပ်ရန်ကျန်ရစ်သူမိသားစုမရှိပဲကုမ္ပဏီမှ ပြုလုပ်ပေးသောအခါ သေဆုံးသ အလုပ်သမား၏ကုမ္ပဏီသို့ထိုစရိတ်များထောက်ပံ့ရမည်။

## လျော်ကြေးမှုအကြောင်းအရာ

နာရေးစရိတ် အစရှိသည့် (နာရေးကူငွေ) ပမာဏသည် 315,000 ယန်းတွင် အခြေခံနေ့တွက် ခံစားခွင့် ပမာဏ၏ရက်30 စာကိုပေါင်းထည့်ထားသော ပမာဏဖြစ်သည်။
ထိုပမာဏသည်အခြေခံနေ့တွက်ခံစားခွင့်ပမာဏ၏ရက် 60 စာ မပြည့်မီသော်ရက် 60 စာ ထောက်ပံ့ရမည်။

## လျော်ကြေးရန်လုပ်ထုံးလုပ်နည်းများ

စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသောလုပ်ငန်းခွင်စံချိန်စံညွှန်စီမံကြီးကြပ် ရေးဌာနမှူးထံ နာရေးစရိတ် သို့မဟုတ် လုပ်ငန်းခွင်တစ်ခုထက်ပိုသော အလုပ်သမားများအတွက် နာရေးစရိတ် တောင်းခံလွှာ (ပုံစံနံပါတ် 16) သို့မဟုတ် နာရေးကူငွေတောင်းခံလွှာ (ပုံစံနံပါတ် 16-10) ကိုတင်ပြပါ။

- လျော်ကြေးရာတွင်လိုအပ်သောပူးတွဲစာရွက်စာတမ်းများသေဆုံးမှုဆေးစစ်ချက်၊ သေဆုံးသူခန္ဓာကိုယ် ဆေးစစ်ချက်၊ဆေးစစ်ချက်မှတ်တမ်းသို့ မဟုတ်၎င်း အကြောင်းအရာများ ရေးသားဖော်ပြထားသည့် စာရွက်စာတမ်းစသည်တို့ ၊အလုပ်သမားသေဆုံး သည့်ပုံစံနှင့်နေ့ရက်များကို ဖော်ပြထားသော စာရွက်စာတမ်း သို့သော်ကျန်ရစ်သူမိသားစု(လျော်ကြေး)အစရှိသည့် ထောက်ပံ့မှု လျော်ကြေးလွှာကို ပူးတွဲတင်ပြရန်မလိုအပ်ပါ။

## ကန့်သတ်ကာလ

နာရေးစရိတ် စသည် (နာရေးကူငွေ)သည်နစ်နာသူအလုပ်သမား သေဆုံးသောနေ့၏ နောက်ရက်မှ 2နှစ်ကြာလျှင်ကန့်သတ် ကာလအရလျော်ကြေးပိုင်ခွင့်ပျက်ပြယ်သည်များရှိ၍ သတိပြုပေးပါ

# ပြုစုစောင့်ရှောက်မှု(လျော်ကြေး) အစရှိသည့် ထောက်ပံ့ငွေ

